# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။ လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်၊ ကြာသပတေးနေ့။ Thursday, 18 August 2022 ၁၀၈၃၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ်စရာ**

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း** စာမျက်နှာ » ၃

**လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေး ကော်မတီ၏ ထုတ်ပြန်ကြေညာချက်** စာမျက်နှာ » ၅

**မေတ္တာအားတွေ ရကြပါစေ** စာမျက်နှာ » ၆

**တောင်သူကြီးများ လူမှုစီးပွားဘဝဖွံ့ဖြိုးရန် လိုအပ်ချက်ဖြည့်ဆည်းပေးမည့် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုဆိုင်ရာ မြစိမ်းရောင်စီမံကိန်း(MSY)** စာမျက်နှာ » ၁၀




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Noeleen Heyzer ကို လက်ခံတွေ့ဆုံစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် Ms. Noeleen Heyzer ကို လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Noeleen Heyzer ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေး အခြေအနေများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်




ကြေးမုံ

# သွင်းကုန်အစားထိုး ထုတ်ကုန်ပစ္စည်းအဆင့်မြှင့်

ဖွံ့ဖြိုးပြီးနိုင်ငံကြီးများသည် စက်မှု၊ နည်းပညာနှင့် စွမ်းအင်ကဏ္ဍများကို အဆင့်မြင့်မားစွာဆောင်ရွက်နိုင်ကြပြီး ဖွံ့ဖြိုးပြီးနိုင်ငံငယ်များသည် အသေးစား၊ အလတ်စားလုပ်ငန်းများဖြင့် ကုန်ထုတ်လုပ်ငန်းများကို မြင့်မားအောင် ဆောင်ရွက်နိုင်ကြသည်။ ထို့အပြင် အဆင့်မြှင့်တင်၊ ပုံတူမျိုးကွဲ၊ ဆင့်ပွားထုတ်လုပ်သည့်လုပ်ငန်းများနှင့် ထပ်ဆင့်ရောင်းဝယ်ကုန်သွယ်မှုလုပ်ငန်းများဖြင့် စီးပွားဖြစ်ထွန်းနေကြသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်၍ ကုန်ထုတ်လုပ်မှု မြှင့်တင်ရာ၌ စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်ထွက်ရှိအောင် ဆောင်ရွက်နိုင်သည်။ ပြည်သူများ နေ့စဉ်လိုအပ်လျက်ရှိသည့် စားသောက်ကုန်ပစ္စည်းများသည် စီးပွားရေးဈေးကွက်တွင် တွင်ကျယ်စွာလည်ပတ်နေသဖြင့် ကုန်ထုတ်လုပ်မှုကို အားပေးခြင်းဖြင့် ပြည်သူများ၏ စီးပွားရေးကို မြှင့်တင်ပေးနိုင်မည်ဖြစ်သလို ထုတ်ကုန်ပစ္စည်းများကို အမယ်(အမည်)စုံအောင် ကြိုးပမ်းထုတ်လုပ်ခြင်းဖြင့် ပြည်သူများ၏ ကုန်သွယ်စီးပွား မြင့်မားတိုးတက်လာအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

"ပြည်ပ သွင်းကုန်များနှင့်ပတ်သက်၍ တိုင်းပြည်စီးပွားရေး ပြန်လည်ကောင်းမွန်လာရန်အတွက် သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်နေကြောင်း၊ ပြည်တွင်း၌ ထုတ်လုပ်၍ရသည့် ပစ္စည်းများကို ပြည်ပမှတင်သွင်းခြင်းထက် ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်ရန်လိုကြောင်း၊ အချို့ပစ္စည်းများမှာ သတ်မှတ်ထားသည့် အရည်အသွေးမရှိသည်ကို တွေ့ရှိရသဖြင့် လိုအပ်သည့် စက်ပစ္စည်းများနှင့် နည်းပညာများ အဆင့်မြှင့်တင်ခြင်းကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၇/၂၀၂၂) တွင် ပြောကြားခဲ့သည်။

နိုင်ငံ၏ လူမှုစီးပွားမြှင့်တင်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာပေါများရေးဟူသည့် အမျိုးသားရေး ရည်မှန်းချက်နှစ်ရပ် ချမှတ်ဆောင်ရွက်လျက်ရှိသည်။ စီးပွားရေးအားကောင်းပါမှ တိုင်းပြည်သာယာဝပြောပြီး တည်ငြိမ်မှုရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် အခြေခံကုန်ထုတ်စွမ်းအားဖြင့် စီးပွားရေးကောင်းအောင် ကြိုးပမ်းအားထုတ်ပြီး တိုင်းပြည်သာယာဝပြောအောင် ဆောင်ရွက်နေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးကိုအခြေခံ၍ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နေသော်လည်း စိုက်ပျိုးရေးအခြေခံထုတ်ကုန်များအား ပြည်ပမှ တင်သွင်းနေသည်ကို တွေ့ရမည်ဖြစ်သည်။ အကြောင်းရင်းမှာ ပြည်တွင်းထုတ်ကုန် တန်ဖိုးအရည်အသွေးများမှာ ပြည်ပထုတ်ကုန် တန်ဖိုးအရည်အသွေးများကို မမီသောကြောင့်ဖြစ်သည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံတွင် အဝတ်အထည်ကုန်ကြမ်းဖြစ်သည့် ဝါသီးနှံကို စိုက်ပျိုးနိုင်သော်လည်း ပြည်တွင်းအထည်ချုပ်လုပ်ငန်းများတွင်လိုအပ်သည့် ခါတုချည်ခင်၊ အခြားအထည်မျိုးစုံ၊ ချည်ထည်နှင့်ပိတ်၊ အပ်ချည်ကြိုး စသည့်ကုန်ကြမ်းပစ္စည်းများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာသန်း ၁၂၈၀ တန်ဖိုး တင်သွင်းခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဝါထွက်သော်လည်း အရည်အသွေးလိုအပ်ချက်ရှိသဖြင့် ပြည်ပမှတင်သွင်းရခြင်းဖြစ်သည်မှာ ထင်ရှားပေသည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် ဝါစိုက်ပျိုးထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်နေပြီး ထွက်ရှိသည့် ချည်မျှင်များကို ကုန်ချောထုတ်လုပ်ရေးဆောင်ရွက်ရာ၌ ပြည်တွင်းဝါစိုက်ပျိုးထုတ်လုပ်မှုတွင် အဆင့်မြင့်ချည်မျှင်ရှည်ဝါများ ထုတ်လုပ်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ဝါစိုက်ပျိုးထုတ်လုပ်ရေးမှ ထွက်ရှိလာသော ချည်မျှင်ရှည်ဝါများကို အသုံးပြု၍ နိုင်ငံအတွင်းရှိ စက်ရုံများတွင် အဆင့်မီချည်ထည်ပစ္စည်းများကို ထုတ်လုပ်သွားမည်ဖြစ်ရာ အထည်အလိပ်လုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ပေးပြီး နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်လာရေးအတွက် သက်ဆိုင်သူအားလုံး ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ဤသည်မှာ ဝါသီးနှံတစ်မျိုးတည်းကို ဥပမာဆိုလိုခြင်းဖြစ်ပြီး အခြားသော စားသုံးဆီကဲ့သို့ ပြည်ပသွင်းကုန် သီးနှံထုတ်ကုန်များကိုလည်း ပြည်တွင်း၌ နိုင်ငံတကာတန်းဝင်အရည်အသွေးမီအောင် စိုက်ပျိုးထုတ်လုပ်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်နှင့် ပြည်သူများ၏ စီးပွားရေးနှင့် လူမှုဘဝကို မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်းထုတ်ကုန်ပစ္စည်းများကို အရည်အသွေးမီအောင် ကြိုးပမ်းဆောင်ရွက်ပြီး ကုန်သွယ်မှုကို မြှင့်တင်ကြရမည်ဖြစ်သည်။ ထုတ်ကုန်၊ ရောင်းကုန် ကုန်ပစ္စည်းများကို တန်ဖိုးမြင့်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ခြင်းဖြင့် စားသုံးသူပြည်သူများ ကျေနပ်နှစ်သက်ကြပြီး ထုတ်လုပ်သူများအတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများမှ အကျိုးအမြတ်များစွာရရှိကာ နိုင်ငံအတွက်လည်း အကျိုးရှိမည်ဖြစ်၍ နိုင်ငံ့စီးပွားမြင့်မားတိုးတက်ရေးအတွက် သွင်းကုန်အစားထိုး ထုတ်ကုန်များကို မြှင့်တင်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။




## (၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် လူသစ်တန်း ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၇

ကမ္ဘောဒီးယားနိုင်ငံ၌ ၂၀၂၃ ခုနှစ် မေလတွင် ကျင်းပမည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဖလားလူသစ်တန်းကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲကို စက်တင်ဘာ ၁၈ ရက်တွင် ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါလူသစ်တန်း ပြိုင်ပွဲများမှ ထူးချွန်ကောင်းမွန်သည့် မျိုးဆက်သစ် အားကစားသမားများနှင့် လက်ရှိနိုင်ငံ့လက်ရွေးစင်များ ယှဉ်ပြိုင်ပွဲကို စက်တင်ဘာလအတွင်း ကျင်းပပြီး ယင်းပြိုင်ပွဲမှ အကောင်းဆုံးအားကစားသမားများကို ရွေးချယ်၍ ဆီးဂိမ်းအတွက် စခန်းသွင်း လေ့ကျင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ပဏာမ နိုင်ငံ့လက်ရွေးစင်များ ရွေးချယ်ပွဲသို့ ပါဝင်ယှဉ်ပြိုင်လိုသည့် ယခင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများနှင့် နိုင်ငံတကာတံခွန်စိုက်ဖိတ်ခေါ်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုတံဆိပ်ရရှိခဲ့သည့် အားကစားသမားများ အဖွဲ့ချုပ်သို့ အမည်စာရင်းပေးပို့နိုင်ကြောင်း သိရသည်။

ဗလစိုး

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၇- ၈ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၀၀၀ | ၇,၀၀၀ | ၁,၈၀၂ | ၁၂,၅၁၄,၈၀၀ |
| MTSH | ၂,၄၅၀ | ၂,၄၅၀ | ၃,၁၄၂ | ၇,၆၉၇,၉၀၀ |
| MCB | ၆,၉၀၀ | ၆,၉၀၀ | ၁,၀၀၂ | ၆,၈၆၃,၈၀၀ |
| FPB | ၁၅,၅၀၀ | ၁၇,၅၀၀ | ၁,၂၂၁ | ၁၉,၅၄၁,၀၀၀ |
| TMH | ၂,၂၀၀ | ၂,၃၀၀ | ၆၁၂ | ၁,၃၆၁,၆၀၀ |
| EFR | ၂,၄၅၀ | ၂,၄၅၀ | ၁၀၁ | ၂၄၇,၄၅၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၁၁ | ၅၃,၉၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

### နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဩဂုတ် ၁၇

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၁၃၆.၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၉.၈၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၉.၂၈၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၀.၀၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၆.၄၂၇ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၆၃.၄ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၂၀.၅ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၅၈.၀ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၉.၇၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

# မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ( ၄၂ / ၂၀၂၂ )**

**၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်**
**(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေ ပုဒ်မ ၄၆ ၊ ပုဒ်မခွဲ (က) တွင် ပုဒ်မခွဲငယ် (၁) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၁) သတ်မှတ်ထားသော အငြိမ်းစားယူရမည့် အသက်ပြည့်သောအခါ အငြိမ်းစားယူရမည်။ ထိုသို့ အငြိမ်းစားယူသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ပြည့်ပင်စင် ခံစားခွင့်ရှိစေရမည်။"

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

---

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၁၇

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Noeleen Heyzer အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေးကို လက်တွေ့ကျကျ အပြုသဘော သုံးသပ်ဆောင်ရွက်ရန်လိုအပ်ကြောင်း အလေးထားပြောကြားပြီး မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် အဆင်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

---

# အကူသူနာပြု အလုပ်အကိုင်အတွက် အမျိုးသားအဆင့်ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၁၇

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ကျန်းမာရေးလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု"စံ"သတ်မှတ်ရေးကော်မတီမှ အကူသူနာပြု (Nurse Aid-Level-2) အလုပ်အကိုင်အတွက် အမျိုးသားအဆင့်ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနဖွင့်ပွဲ အခမ်းအနားကို ယနေ့တွင် သူနာပြုသင်တန်းကျောင်း (နေပြည်တော်) ၌ ကျင်းပသည်။



အစီအစဉ် ပထမပိုင်းတွင် အကူသူနာပြု (Nurse Aid-Level-2) အလုပ်အကိုင်အတွက် အမျိုးသားအဆင့် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနကို အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA)ဥက္ကဋ္ဌ၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ကျန်းမာရေးလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေးကော်မတီဥက္ကဋ္ဌနှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အမျိုးသားအဆင့်ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနအတွင်းသို့ လှည့်လည်ကြည့်ရှုကြပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ယင်းနောက် အစီအစဉ် ဒုတိယပိုင်းကို အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) နှင့် ပူးပေါင်းဆောင်ရွက်နေသည့် ကျန်းမာရေးလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေးကော်မတီမှ ရေးဆွဲပြုစုထားသည့် အကူသူနာပြု အလုပ်အကိုင်အတွက် စစ်ဆေးအကဲဖြတ်ပေးမည့် Assessment Center ကို နေပြည်တော်တွင် ပထမဆုံးအနေဖြင့် ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။

ယခုဆိုလျှင် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် အကူသူနာပြု အပါအဝင် အလုပ်အကိုင် ၁၀ မျိုးအတွက် ကျွမ်းကျင်မှုအဆင့်အလိုက် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန ၁၄ ခုကို အသိအမှတ်ပြုပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ကျန်းမာရေးလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေးကော်မတီ ဖွဲ့စည်းထားပြီး Nurse Aid (Level-2) အလုပ်အကိုင်နှင့် Elderly Care Assistant (Level-2) အလုပ်အကိုင်တို့အတွက် ကျွမ်းကျင်မှု "စံ" များ ရေးဆွဲ၍ Trial Test များ ပြုလုပ်နိုင်ခဲ့ကာ ယခု Nurse Aid (Level-2) အလုပ်အကိုင်အတွက် ပထမဆုံးရရှိသည့် အမျိုးသားအဆင့် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနဖြစ်ပါကြောင်း၊ ယင်းအလုပ်အကိုင်နှစ်ခုအတွက် Inspector နှစ်ဦးနှင့် Assessor ၁၁ ဦးတို့ကို အသိအမှတ်ပြုပေးထားပြီးဖြစ်ကြောင်း၊ NSSA အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပိုမိုပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးကဏ္ဍတွင် လိုအပ်နေသည့် အရည်အသွေးပြည့်မီသော အခြေခံကျွမ်းကျင်လုပ်သားကောင်းများ ပေါ်ထွက်လာနိုင်ရန် ကျွမ်းကျင်လုပ်သားများကို မွေးထုတ်နေသည့် သင်တန်းကျောင်းများနှင့် ကျွမ်းကျင်လုပ်သားများကို အရည်အသွေးပိုင်းဆိုင်ရာ စိစစ်မှုများ ပြည်နယ်နှင့် တိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးများတွင် တဖြည်းဖြည်း မြှင့်တင်ဆောင်ရွက်သွားရန် လွန်စွာအရေးကြီးပါကြောင်း၊ ထိုသို့ စိစစ်ရာတွင် အကူသူနာပြုသင်တန်းများကို ပုဂ္ဂလိကကဏ္ဍမှလည်း ဖွင့်လှစ်ပေးလျက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာဦးစီးဌာနများနှင့် ကျန်းမာရေးလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု"စံ"သတ်မှတ်ရေးကော်မတီတို့က ဝိုင်းဝန်းထိန်းကျောင်းရန်လိုပါကြောင်း၊ မိမိတို့၏ အသက်မွေးဝမ်းကျောင်း ပညာရပ်ဆိုင်ရာ ကျင့်ဝတ်များကို အားလုံးက ဝိုင်းဝန်းထိန်းသိမ်း၍ နိုင်ငံတော်၏အကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ယင်းနောက် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်းက နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

ထို့နောက် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံသို့ အကူသူနာပြု (Nurse Aid-Level-2) အလုပ်အကိုင်အတွက် NSSA ၏ အမျိုးသားအဆင့်ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန အသိအမှတ်ပြုလက်မှတ်ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့ရှိ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်၊ အစိုးရစက်မှုလက်မှုသိပ္ပံနှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသုတေသနဌာနတို့ကို ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဩဂုတ် ၁၇**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ဩဂုတ် ၁၅ ရက်တွင် နည်းပညာတက္ကသိုလ်(သန်လျင်)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(သန်လျင်)သို့ လည်းကောင်း၊ ဩဂုတ် ၁၆ ရက်တွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသုတေသနဌာနသို့လည်းကောင်း၊ ဩဂုတ် ၁၇ ရက်တွင် ရန်ကုန်နည်းပညာတက္ကသိုလ်သို့ လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဆရာဆရာမများနှင့် တွေ့ဆုံ၍ နည်းပညာတက္ကသိုလ်(သန်လျင်)သည် နိုင်ငံတကာအသိအမှတ်ပြု Quality Management System ဆိုင်ရာ ISO 9001:2015 စီမံခန့်ခွဲရေးစနစ်ကို အကောင်အထည်ဖော် ကျင့်သုံးလျက်ရှိပြီး တက္ကသိုလ်များ၏ အရည်အသွေးအာမခံမှုနှင့် ပတ်သက်၍ အာဆီယံတက္ကသိုလ်များ ကွန်ရက် ASEAN University Network–Quality Assurance (AUN–QA) ၏ Associate Membership တက္ကသိုလ်ဖြစ်ပါကြောင်း၊ ရန်ကုန်နည်းပညာတက္ကသိုလ်သည်လည်း Quality Management System ဆိုင်ရာ ISO 9001:2015 အသိအမှတ်ပြုလက်မှတ်များကို ရရှိထားပြီး အာရှနှင့်ပစိဖိတ်ဒေသတွင်း အင်ဂျင်နီယာပညာရေး အသိအမှတ်ပြုမှုအဖွဲ့အစည်း (Federation of Engineering Institutions of Asia and Pacific–FEIAP) ၏ ပဏာမအသိအမှတ်ပြုမှုလက်မှတ် Provisionally Accredited နှင့် အပြည့်အဝအသိအမှတ်ပြုမှုလက်မှတ် Fully Accredited များ ရရှိခဲ့ပြီးဖြစ်ပါကြောင်း၊ တက္ကသိုလ်များအနေဖြင့် မိမိတို့ရရှိထားသော အရည်အသွေးအာမခံမှုများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများအား အင်ဂျင်နီယာဘာသာရပ်များကို စာတွေ့လက်တွေ့တတ်မြောက်အောင် သင်ကြားပေးကြရန် လိုအပ်ပါကြောင်း၊ စာတွေ့သာမက လက်တွေ့ကျသည့် သင်ခန်းစာများဖြင့် သင်ကြားပေးပြီး လက်တွေ့အသုံးချ သုတေသနလုပ်ငန်းများဆောင်ရွက်ပေးရန် လိုအပ်ကြောင်း။

ကွန်ပျူတာတက္ကသိုလ်များသည်လည်း ICT အထူးပြုပညာရပ်ဆိုင်ရာ အရည်အသွေး စိစစ်အသိအမှတ်ပြုနိုင်ရေးအတွက် Seoul Accord နှင့်အညီ ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာတက္ကသိုလ်များနည်းတူ ICT နည်းပညာကို အသုံးပြုသည့် Learning Management System (LMS) သင်ကြားသင်ယူမှုစနစ်များအသုံးပြု၍ လွယ်ကူလျင်မြန် ထိရောက်အကျိုးရှိစွာ သင်ကြားသင်ယူနိုင်ရေး ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ISO လက်မှတ်ရရှိပြီး တက္ကသိုလ်များအနေဖြင့်လည်း နိုင်ငံတကာအသိအမှတ်ပြုတက္ကသိုလ်များဖြစ်လာစေရန် ဆက်လက်ကြိုးပမ်းကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားသင်ယူဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး လက်တွေ့ခန်းများ၊ ကွန်ပျူတာခန်းများ၊ သင်ထောက်ကူပစ္စည်းများ၊ စာကြည့်တိုက်နှင့် အလုပ်ရုံတို့ကိုလည်းကောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံ(သန်လျင်)၏ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ရခိုင်ပြည်နယ်အတွင်း ရုပ်ရှင်ရုံများ ဖွင့်လှစ်အကောင်အထည်ဖော်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**စစ်တွေ ဩဂုတ် ၁၇**

ရခိုင်ပြည်နယ်အတွင်း ရုပ်ရှင်ရုံများ ဖွင့်လှစ်အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့က ရုပ်ရှင်ရုံလုပ်ငန်းလုပ်ကိုင်နေသူများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရုပ်ရှင်ရုံ ငါးရုံပါဝင်**

အစည်းအဝေးတွင် ရခိုင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးအောင်မျိုးက မြန်မာ့ရုပ်ရှင်ကဏ္ဍ မြင့်မားတိုးတက်ရေးနှင့် ရုပ်ရှင်ရုံများ တည်ဆောက်ပြသနိုင်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်မှ ရောင်းချခဲ့သည့် စာချုပ်ပါ စည်းကမ်းအရ ရုပ်ရှင်ရုံလုပ်ငန်း ဆောင်ရွက်ရမည့် ရုံငါးရုံ ပါဝင်ကြောင်း၊ အဆိုပါ ရုပ်ရှင်ရုံများအား ဖွင့်လှစ်အကောင်အထည်ဖော်နိုင်ရန်နှင့် ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးရန် ညှိနှိုင်းအစည်းအဝေး ခေါ်ယူကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင်ကိုဝင်းက ရုပ်ရှင်ရုံများ တည်ဆောက် ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ရမည့် အချိန်ကာလသတ်မှတ်ချက်၊ ဆောင်ရွက်ရမည့် ပုံစံနှင့် စည်းကမ်းသတ်မှတ်ချက်များကို ဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့်ရုပ်ရှင်ရုံလုပ်ငန်း လုပ်ကိုင်သူများက ရုပ်ရှင်ရုံများ ဖွင့်လှစ်ပြသနိုင်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်မည့် အစီအစဉ်များကို တင်ပြကြသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ စစ်တွေ၊ မောင်တော၊ ကျောက်ဖြူခရိုင်တို့မှ ရုပ်ရှင်ရုံလုပ်ငန်း လုပ်ကိုင်သူများ တက်ရောက်ခဲ့ကြပြီး မောင်တော၊ ကျောက်ဖြူနှင့် သံတွဲခရိုင်များမှ ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူးများက Virtual စနစ်ဖြင့် တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

---



## ချောင်းဆုံမြို့နယ် ကလော့ကျေးရွာ မြေပြိုကျမှုဖြစ်စဉ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် အိမ်ထောင်စုဝင်များကို ထောက်ပံ့

**နေပြည်တော် ဩဂုတ် ၁၇**

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကိုကိုမောင်နှင့် တာဝန်ရှိသူများသည် ဩဂုတ် ၁၆ ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ချောင်းဆုံမြို့နယ် ကလော့ကျေးရွာ မြေပြိုကျမှုဖြစ်ပွားခဲ့ရာနေရာသို့ ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေး၍ မြေပြိုကျမှုကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည့် အိမ်ထောင်စုဝင်များကို ထောက်ပံ့ငွေများနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ သွားရောက်စဉ် မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပျက်စီးဆုံးရှုံးခဲ့သည့် အခြေအနေ၊ ကလော့–အပြိုင်ကျေးရွာသွားလမ်းမဘေးရှိတောင်မြေပြိုကျမှုကြောင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေ၊ အိမ်ထောင်စုများအား ဘေးလွတ်ရာ ပြောင်းရွှေ့နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တပ်ရင်းတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများ၊ လူမှုကယ်ဆယ်ရေးအဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကလော့ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အစည်းအဝေးခန်းမ၌ မြေပြိုကျမှုကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည့် အိမ်ထောင်စုဝင်များနှင့် တွေ့ဆုံစဉ် ကူညီထောက်ပံ့ပေးရေး၊ ကယ်ဆယ်ရေးလုပ်ငန်းများ ချက်ချင်းဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ ကြိုတင်ကာကွယ်နိုင်ရေးနှင့် အရေးပေါ်တုံ့ပြန်နိုင်ရေး အထူးအလေးထား ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မွန်ပြည်နယ်သည် နှစ်စဉ်မိုးရွာသွန်းမှုများသဖြင့် ရေကြီးရေလျှံမှုများနှင့် အခြားသဘာဝဘေးဖြစ်ပွားမှုမရှိစေရေး ကြိုတင်ကာကွယ်ရေး စီမံချက်များရေးဆွဲပြီး စနစ်တကျ ဆောင်ရွက်ထားရှိရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် မွန်ပြည်နယ် ဝန်ကြီးချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သည့် ငွေကျပ် ၂၀၀၀၀၀၀၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ပျက်စီးဆုံးရှုံးခဲ့သည့် အိမ်ခြေများအတွက် ဆုံးရှုံးမှု တန်ဖိုးငွေများနှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါ စုစုပေါင်း ထောက်ပံ့ငွေ ၈၃၆၇၁၅၂ ကျပ်တို့ကို သဘာဝဘေးသင့် ပြည်သူများထံ ပေးအပ်ကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ၏ ထုတ်ပြန်ကြေညာချက်

၁။ မြန်မာ့လူ့အဖွဲ့အစည်းသည် ရှေးပဝေသဏီကတည်းကပင် ကလေးသူငယ်များအား အနာဂတ်လူ့အဖွဲ့အစည်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အရေးပါသည့် အရင်းအမြစ်များအဖြစ် တန်ဖိုးထားလျက်ရှိပါသည်။ မြန်မာနိုင်ငံသည် ကလေးသူငယ်များ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ကလေးသူငယ်များအတွက် အကောင်းဆုံးအကျိုးစီးပွားကိုဆောင်ရွက်ပေးရန်နှင့် ကလေးသူငယ်အခွင့်အရေးများကို ဥပဒေနှင့်အညီ ရရှိခံစားနိုင်ရေးအတွက် အထူးသဖြင့် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ် များအား ကာကွယ်စောင့်ရှောက်နိုင်ရန် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီကို ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်မှုများမှ ကာကွယ်တားဆီးနိုင်ရေး အမျိုးသားအဆင့်လုပ်ငန်းစီမံချက် (၂၀၂၀-၂၀၂၁) အား (၁၀.၈.၂၀၂၀) ရက်နေ့မှ (၁၀.၈.၂၀၂၁) ရက်နေ့အထိ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

၃။ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၂) ဆုံးဖြတ်ချက်အရ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်မှုများမှ ကာကွယ်တားဆီးနိုင်ရေး အမျိုးသားအဆင့် လုပ်ငန်းစီမံချက် (၂၀၂၂-၂၀၂၃) အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက (၁၅.၃.၂၀၂၂) ရက်နေ့တွင် သဘောတူခွင့်ပြုခဲ့ပြီးဖြစ်သဖြင့် စီမံချက်ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ မြန်မာနိုင်ငံအနေဖြင့် (၂၀၁၉) ခုနှစ်တွင် အတည်ပြုလက်မှတ်ရေးထိုးထားသော **လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုဆိုင်ရာ နောက်ဆက်တွဲ အခြေပြစာချုပ်**ပါ ပြဋ္ဌာန်းချက်များနှင့် ကလေးသူငယ်များ၏ အကောင်းဆုံးအကျိုးစီးပွားကို အလေးထားဖော်ဆောင်ရေးမှုကို အခြေခံသည့် မြန်မာနိုင်ငံ၏ **ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ (၂၀၁၉)** တို့အရ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ကျူးလွန်မှုများမှ ကာကွယ်တားဆီးနိုင်ရေး အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ လက်နက်ကိုင်ပဋိပက္ခအတွင်း ကြီးလေးသောကျူးလွန်မှုများ ခံစားရသည့် ကလေးသူငယ်များ၏ လုံခြုံရေး၊ ကိုယ်ရေးဆိုင်ရာ အချက်အလက်များ မပေါက်ကြားစေရေးနှင့် အလေးထားဆက်ဆံခံရစေရေးစသည့် ကျူးလွန်ခံရသူ ဗဟိုပြုချဉ်းကပ်နည်း (Survival Centred Approach) ကို ကျင့်သုံးလျက်ရှိပါသည်။

၅။ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှု (၆) ရပ် (Six Grave Violations) ဆိုသည်မှာ ကလေးသူငယ်များအား သတ်ဖြတ်ခြင်းနှင့် ကိုယ်လက်အင်္ဂါထိခိုက်ဒဏ်ရာရစေခြင်း၊ ကလေးသူငယ်များအား တပ်သားအဖြစ်ခေါ်ယူစုဆောင်းခြင်းနှင့် အသုံးပြုခြင်း၊ ကျောင်းနှင့် ဆေးရုံများအား တိုက်ခိုက်ခြင်း၊ ကလေးသူငယ်များအား အဓမ္မပြုကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ ကလေးသူငယ်များအား ဥပဒေမဲ့ဖမ်းဆီး ခေါ်ဆောင်ခြင်းနှင့် ကလေးသူငယ်များအတွက် လူသားချင်းစာနာမှု အကူအညီများကို တားဆီးပိတ်ပင်ခြင်းတို့ဖြစ်ပါသည်။

၆။ ထို့အပြင် ကာကွယ်တားဆီးရေးကော်မတီ၏လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် "လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီ" ကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၁၉) ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး (၂၁.၇.၂၀၂၁) ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၂၁၅/၂၀၂၁) ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။

၇။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံစာတင်ပြရေး လုပ်ငန်းအဖွဲ့ (Country Task Force on Monitoring and Reporting–CTFMR) တို့အကြား "အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ တားဆီးကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းစီမံချက်" ကို (၂၇.၆.၂၀၁၂) ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ (၂၀.၄.၂၀၁၁) ရက်နေ့တွင် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီကို ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဖွဲ့စည်းခဲ့ပြီး အသက်မပြည့်သေးသူများအား တပ်သားသစ်စုဆောင်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။အသက်စိစစ်ရန် စာရွက်စာတမ်းများ မလုံလောက်မှုကြောင့် မရည်ရွယ်ဘဲ စုဆောင်းမိခဲ့ပြီး ထွက်ခွင့်ပြုခဲ့သော အရွယ်မရောက်သေးသူများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

၈။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထက်ဖော်ပြပါ ကော်မတီများ၊ လုပ်ငန်းကော်မတီများဖွဲ့စည်း၍ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်များရေးဆွဲပြီး လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ပိုမိုထိထိရောက်ရောက် ကာကွယ်တားဆီးနိုင်ရေး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော်လည်း အကြမ်းဖက်အဖွဲ့အစည်းများအနေဖြင့် ကလေးသူငယ်များအား သေကျေထိခိုက်ဒဏ်ရာရစေခြင်း၊ အရွယ်မရောက်သေးသူများအား လက်နက်ကိုင်အဖွဲ့များသို့ စုဆောင်းခြင်းနှင့် ကျောင်း၊ ဆေးရုံများနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးစုရပ်များအား တိုက်ခိုက်ခြင်းတို့ကို ကျူးလွန်လျက်ရှိကြောင်း တွေ့ရပါသည်။ ပြည်ထဲရေးဝန်ကြီးဌာနမှ ရရှိသည့် သတင်းအချက်အလက်များအရ (၉.၂.၂၀၂၁) ရက်နေ့မှ (၃၀.၆.၂၀၂၂) ရက်နေ့အထိ အကြမ်းဖက်လုပ်ရပ်များကြောင့် သေဆုံးသူကလေးသူငယ် **(၇၆)** ဦး၊ ပြင်းထန်ဒဏ်ရာရရှိသူ ကလေးသူငယ် **(၂၀၀)** ဦး၊ သေဆုံးသူ ပညာရေးဝန်ထမ်း **(၄၄)** ဦး၊ ပြင်းထန်ဒဏ်ရာရရှိသူ ပညာရေးဝန်ထမ်း **(၄၆)** ဦး၊ သေဆုံးသူကျန်းမာရေးဝန်ထမ်း **(၁၁)** ဦး၊ ပြင်းထန်ဒဏ်ရာရရှိသူ ကျန်းမာရေးဝန်ထမ်း **(၁၆)** ဦး ရှိခဲ့ပါကြောင်း၊ ထို့အပြင် စာသင်ကျောင်းနှင့် ပညာရေးအဆောက်အဦ **(၅၈၃)** လုံးတို့အား မီးရှို့/ဗုံးခွဲ တိုက်ခိုက်ခံခဲ့ရပြီး ဆေးရုံ၊ ဆေးခန်း **(၃၃)** လုံးတို့ (မီးရှို့/ဗုံးခွဲ) တိုက်ခိုက်ခံခဲ့ရပြီး ကိုဗစ်-၁၉ ဆိုင်ရာ ကာကွယ်ထိန်းချုပ်ပေးသည့်နေရာများအား တိုက်ခိုက်ခြင်း **(၄၂)** ကြိမ် ရှိခဲ့ပါသည်။

၉။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအနေဖြင့် ကလေးသူငယ်များ၏ အခြေခံအခွင့်အရေး (၄) ရပ်ဖြစ်သည့် အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခံပိုင်ခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့်များ ရရှိရေးဆောင်ရွက်လျက်ရှိပြီး ကလေးသူငယ်များ၏ အကောင်းဆုံးအကျိုးစီးပွားဖြစ်ထွန်းစေရေးမှု (Best Interest of the Child) ကို အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၁၀။ ကလေးသူငယ်များ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် မြန်မာနိုင်ငံ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ (၂၀၁၉) ပါ ပြဋ္ဌာန်းချက်များကို ချိုးဖောက်သူမည်သူ့ကိုမဆို ထိရောက်စွာ အပြစ်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများကို လုံးဝလက်မခံရေး မူဝါဒနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ဩဂုတ်လ၊ ၂၀၂၂

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ပြည်ထောင်စုဝန်ကြီးဌာန / အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဩဂုတ် ၁၇

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး စုပေါင်းခန်းမ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ထုတ်ပြန်ထားသော စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကျင်းပသည်။



အခမ်းအနားတွင် ကော်မရှင်ဥက္ကဋ္ဌက အစိုးရဌာန အဖွဲ့အစည်းများ၏ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းများတွင် ဖြစ်ပေါ်နိုင်သည့် အဂတိလိုက်စားမှုကြောင့် ပြည်သူ့ဘဏ္ဍာရန်ပုံငွေဆုံးရှုံးမှုကို ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် လျှော့ချနိုင်ရန်၊ အများပြည်သူဆိုင်ရာအဖွဲ့အစည်းများတွင် စနစ်တစ်ခုကဲ့သို့ နက်ရှိုင်းစွာပျံ့နှံ့နေသော အဂတိလိုက်စားမှု (Systemic Corruption) ကို သိသာထင်ရှားစွာ ကျဆင်းသွားစေရန်နှင့် ကမ္ဘာ့ဘဏ်မှ ထုတ်ပြန်သည့် ကောင်းမွန်သော စီမံအုပ်ချုပ်မှုဆိုင်ရာညွှန်းကိန်း (Worldwide Governance Indicators–WGI) တွင် အဂတိလိုက်စားမှုထိန်းချုပ်နိုင်ခြင်း (Control of Corruption) ညွှန်းကိန်းသိသာထင်ရှားစွာ အဆင့်တိုးတက်လာစေရန် မူဝါဒများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

အဂတိလိုက်စားမှုတိုက်ဖျက်ရေး အခြေခံကောင်းများ တည်ဆောက်နိုင်ရန်နှင့် အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများ၏ ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးဌာန / အဖွဲ့အစည်း ၃၈ ခုတို့တွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU)များကို ဖွဲ့စည်းထားပြီး ဖြစ်ကြောင်း၊ ဌာနများတွင် CPU လုပ်ငန်းစီမံချက်များရေးဆွဲ၍ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် မိမိဌာနအလိုက်ဆောင်ရွက်ရန် လိုအပ်နေသည့် အားနည်းချက်၊ အားသာချက်များကို သိရှိနိုင်ပြီး အချိန်မီ ပြုပြင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် သက်ဆိုင်ရာဌာနအလိုက် အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်း (Corruption Risk Assessment – CRA) ဆောင်ရွက်ခြင်းဖြင့် အဂတိလိုက်စားမှုများကို တားဆီးသွားနိုင်မည်ဖြစ်သည့်အတွက် CRA လုပ်ငန်းကို တွန်းအားပေး ဆောင်ရွက်သွားရန် ပြောကြားလိုကြောင်း။

ကော်မရှင်အနေဖြင့် CPU ၏ လုပ်ငန်းအစီအစဉ် (၆) ရပ်အနက် ဆဋ္ဌမမြောက်အချက်ဖြစ်သည့် ဝန်ဆောင်မှုရယူသည့် ပြည်သူများ၏ တယ်လီဖုန်းများသို့ SMS ပေးပို့မေးမြန်းပြီး တုံ့ပြန်မှုရယူခြင်း အစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိကြောင်း။

၂၀၂၂ ခုနှစ် ဇူလိုင်လအထိ ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်း ၂၁ ခုတွင် PFP အစီအစဉ်ကို တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ပြည်သူကိုဝန်ဆောင်မှုပေးနေသည့် ဌာနများအနေဖြင့် PFP အစီအစဉ်ကို အသုံးပြုဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားလိုကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းသည် အမျိုးသားရေးတာဝန်ဖြစ်ပြီး တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သောတာဝန်ဖြစ်သဖြင့် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဖြစ်ထွန်းလာစေရန် တာဝန်ရှိသူ အသီးသီးမှ ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ၏လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်များ၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။ ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး၊ နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ဆွေးနွေးမှုများအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ကော်မရှင်အဖွဲ့ဝင် ဦးမောင်မောင်တင့်က လိုအပ်သည်များကို ထပ်မံဖြည့်စွက် ဆွေးနွေးသည်။

ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မေတ္တာအားတွေ ရကြပါစေ

မဇ္ဈိမအရှင်

သာသနာ့ဘောင်ကို စတင်ဝင်ရောက်ချိန်မှစ၍ ဒါယကာ ဒါယိကာမတွေရဲ့ လျှောက်လေ့ရှိတဲ့ ရင်းနှီးနေတဲ့ စကားရပ်လေးတစ်ခုရှိခဲ့တယ်။

"အရှင်ဘုရားတပည့်တော်တို့ကို မေတ္တာပို့ပေးပါဦးဘုရား"တဲ့။ အဲဒီစကားလေးကြားတိုင်း ကြုံတိုင်း စဉ်းစားမိတယ်။

"ငါ့မှာတကယ်ပဲ မေတ္တာတရားတွေ လုံလောက်ပြီလား"။

ကိုယ်တိုင်လည်း နေ့စဉ်မေတ္တာပို့နေပေမယ့် ယုံကြည်မှုကတော့ အများကြီးရှိမနေခဲ့ပါ။

နှစ်အတော်ကြာကြာအထိ ဒီစကားရပ်လေး ကြားတိုင်း အားငယ်တာလိုလို လိပ်ပြာမလုံချင်သလို ခံစားချက်က နှလုံးဝကို လာလာထိတယ်။

မေတ္တာပို့ဖို့ရာ အကြောင်းအကျိုးတစ်ခုကို ပြောပါဆိုရင် "မေတ္တာမဏ္ဍိုင်ဆရာတော် ဦးပညာဗလကို အားကျမှုတွေ အများကြီးပါတယ်"ဆိုတာ မြေကြီးလက်ခတ်မလွဲနိုင်ပေ။ အသက် (၂၅) နှစ်လောက်ကစပြီး ဆရာတော်နဲ့ စတင်ရင်းနှီးခဲ့တယ်။ ငယ်ဆရာ မဟုတ်ပေမယ့် ဖခင်သဖွယ် ကျေးဇူးကြီးမားလို့ အဖေဆရာလို့ နှလုံးသားက မှတ်ယူထားမိပါတယ်။

### ရာသက်ပန်သက်သတ်လွတ်ဘုဉ်းပေး

ဆရာတော်ကတော့ ရာသက်ပန် သက်သတ်လွတ်ဘုဉ်းပေးတာပါ၊ အင်မတန်မှ ကြည်ညိုစရာ။ ဦးပဍ္ဍင်းကတော့ သက်သတ်လွတ်အဓိဋ္ဌာန်ရက်ရှည်တွေ ဝင်ခဲ့ဖူးပေမယ့် အချိန်တန်တော့ ဒုံရင်းကဒုံရင်း ပါပဲ။ "ပါဏာတိပါတာ မပါရင် ဟာတိဟာတာ"ဆိုတဲ့ ဂြိုဟ်ဆိုးလေးက ခဏခဏကပ်ပါလျက်သား။

တစ်နေ့တော့ ဆရာသမားက မြဝတီမြို့မှာ မဟာသမယသုတ်ရွတ်ဖတ်ပွဲရှိတော့ လှမ်းအကြုံပါးလို့ သွားဖြစ်ခဲ့ပါတယ်။ အဲဒီပွဲကလည်း ဆရာသမားကိုယ်တိုင် ကြီးကြပ်ဦးဆောင်တဲ့ပွဲလေး ဖြစ်နေခဲ့တယ်။ မဟာသမယသုတ်ရွတ်နေစဉ် အတွင်းမှာ သံဃာတော်တွေအားလုံးကို ပုံမှန်အတိုင်း အသားဟင်းအစုံနဲ့ကပ်ပြီး ဆရာတော်ကတော့ သီးသန့်ဝိုင်းလေးနဲ့ သက်သတ်လွတ် ဘုဉ်းပေးရှာတယ်။

ဦးပဍ္ဍင်းလည်း အဝေးတစ်နေရာ ဆွမ်းဝိုင်းကနေငေးကြည့်ပြီး စိတ်ထဲမှာ အားကျနေမိတယ်။ ဒါပေမဲ့ တကယ်မလုပ်နိုင်ခဲ့ပါဘူး။ မဟာသမယသုတ် ရွတ်ဖတ်ပူဇော်ပွဲပြီးလို့ သံဃာတော်တွေ အသီးသီးပြန်ကြွသွားပေမယ့် ဦးပဍ္ဍင်းကတော့ ဆရာတော်နဲ့ ကျန်နေခဲ့ပါတယ်။ ဆရာသမားက နံနက်စောစောထလေ့ရှိတယ်။ ဦးပဍ္ဍင်းကတော့ အိပ်ရာထချိန် မမှန်ပါ။ ဒီလိုနဲ့ ဆရာသမားနဲ့အတူ နေလာတာ ကိုးရက်လောက်အချိန်ဖြစ်ပေလိမ့်မယ်။ သေချာတော့ မမှတ်ထားမိဘူး။

တစ်နေ့မှာတော့ နံနက်စောစော အချိန်ကြီး နိုးလာတယ်။ ဆရာတော့်အခန်းမှာ ဖိနပ်မတွေ့တာကြောင့် အခန်းဘေးနားမှာ ထိုင်နေတဲ့ ဒါယကာကို မေးကြည့်တယ်။

"ဘုန်းဘုန်း ဘယ်ကြွသွားလဲ"

> သက်သတ်လွတ်စားလို့ သီးသန့်ကြီးကုသိုလ်တော့မရပါဘူး။ ဒါပေမဲ့ မေတ္တာပို့စဉ် မေတ္တာထားစဉ်တော့ အင်မတန်ခွန်အားပြည့်ပါတယ်။ ဖားအောက်တောရ ဆရာတော်ကြီးရဲ့တရားကိုလည်း နာယူခဲ့ဖူးတယ်။ "အသားစားတဲ့သူတွေဆို နတ်တွေကစောင့်ရှောက်ရင် တစ်ယူဇနာ (၁၂မိုင်) လောက်က စောင့်ရှောက်ရတယ်။ အသားမစားတဲ့သူတွေကိုတော့ အနီးကပ်စောင့်ရှောက်ပေးတယ်

"မြဝတီဈေးထဲကို ကြွသွားပါတယ်ဘုရား"

"ဘုန်းဘုန်း ကိုယ်တိုင်ကြွသွားတာပေါ့"

"ဟုတ်တယ်ဘုရား ဘုန်းဘုန်းက အရှင်ဘုရားရော တပည့်တော်တို့ နံနက်စာအတွက် အသား၊ ငါး၊ အသီးအရွက်အပါအဝင် လိုအပ်တာတွေ နေ့တိုင်းသွားဝယ်ရတာ ဘုရား။"

ဒါယကာကြီးကို ဘာစကားမှ မတုံ့ပြန်မိဘဲ စိတ်ထဲမှာ ကြောက်လန့်သွားတယ်။ "ဘုရား ဘုရား . . . ငါတို့စားဖို့ရာအတွက် အသား၊ ငါး၊ အသီးအရွက်တွေ သွားဝယ်နေတဲ့ ဆရာတော်က ရာသက်ပန် သက်သတ်လွတ်ဆရာတော်၊ မြန်မာနိုင်ငံမှာ စေတီပုထိုးတွေ လှည့်ပြီးတည်နေတဲ့ ဆရာတော်၊ ငါတည်းဟူသော အကြောင်းကြောင့် ဆရာတော်မှာ အစောကြီးထပြီး ကိုယ်မစားတဲ့ အသားတွေ ဝယ်ပေးနေရပါပေါ့လား။"

အဲဒီအချိန်ကစပြီး ဆရာတော်ကိုလည်း ကိုယ်တိုင်လျှောက်ဖြစ်တယ်။

"တပည့်တော်လည်း ဘုန်းဘုန်းလို သက်သတ်လွတ်စားပါမယ်ဘုရား"

"အားမနာပါနဲ့ ဈေးက ဝယ်လာရတယ်ဆိုပေမယ့် ပုံ့သကူအသားတွေပါ။"

"မဟုတ်ဘူး ဘုရား၊ တပည့်တော် သက်သတ်လွတ် တကယ်စားချင်လို့ပါဘုရား"

"အေးပါကွာ"တဲ့။ ဒီလိုနဲ့ သက်သတ်လွတ်ရက်ရှည်တွေ စားဖြစ်လာခဲ့ပါတယ်။ ဒါပေမဲ့ မေတ္တာအားကတော့ အရှိန်အများကြီးမရသေးပါဘူး။

### လေ့လာခွင့်ရရှိခဲ့

ဆရာတော်ရဲ့ လမ်းညွှန်ချက်နဲ့ စမတောင်မှာ အဓိဋ္ဌာန်ပြီးလို့ ဆရာတော်သီတင်းသုံးနေတဲ့ မော်ဘီညောင်တစ်ပင် တောင်ကွင်းတောရကျောင်းကို ရောက်လာခဲ့ပါတယ်။ ကျောင်းရောက်တဲ့အခါမှာတော့ ဆရာတော်ဆီက စာအုပ်လေးတစ်အုပ် လေ့လာခွင့်ရရှိခဲ့ပါတယ်။ စာအုပ်အမည်က "မြတ်စွာဘုရားရှင်၏ အမွေတော် အောင် '၁၀၈' ကွက် ဗုဒ္ဓစက်လက္ခဏာတော် စက်ဖွင့်ပူဇော်ခြင်း"တဲ့။ ဘုရားရှင်၏ခြေဖဝါးတော်ကို ဖူးမြင်ရတဲ့အခါတိုင်း စက်လက္ခဏာတော်တွေကို အလွတ်ကျက်ပူဇော်ချင်တဲ့စိတ်က ရွှေပေါက်ကံမြို့သစ်က ရသေ့တစ်ပါးနဲ့ ဆုံပြီးကတည်းက ဆန္ဒပြင်းပြနေခဲ့တာပါ။ ဘရသေ့ကိုယ်တိုင်ရွတ်ပြတာကိုလည်း အားကျနေမိခဲ့တာပါ။ အခုတော့ တိုက်တိုက်ဆိုင်ဆိုင် ပူဇော်ခွင့်ရတော့မှာမို့ အာဂုံဆောင်ရင်း ကြိုးစားနေမိပါတော့တယ်။ မကြာခင် ရက်ပိုင်းလောက်အတွင်းမှာပင် အလွတ်ပူဇော်နိုင်ခဲ့တယ်။

### ပါဒစက်တော်ရာ '၁၀၈' ကွက်

အဲဒီအချိန်အထိလည်း မေတ္တာအားတွေ မပြည့်မီခဲ့သေးပါ။ အကြောင်းအကျိုးက တိုက်ဆိုင်လာပါပြီ။ ၁၃၈၄ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲ ဖြေဖို့က ရက်အချိန်နီးကပ်လာလို့ မော်ဘီကနေ သာကေတမြို့နယ် အဘယာရာမကျောင်းသို့ ရောက်ရှိလာရပါတော့တယ်။ ရောက်ရှိလာတယ်ဆိုရင်ပဲ ညချမ်းအချိန်ရောက်တော့ ဘုရားရှင်ရဲ့ ပါဒစက်တော်ရာ '၁၀၈' ကွက် ပါဠိတော်တွေ ရွတ်ဖတ်ပွားများဖို့ ပြင်ဆင်ရပါတော့တယ်။

အတွေးတစ်ချက်ဝင်လာတာက ဒီကျောင်းတော်ကြီးဟာ ကိုယ်တော် (၁၉) နှစ်သားလောက်ကတည်းက နေလာခဲ့တဲ့ ကျောင်းတော်ကြီး။ ပြီးတော့ ဒီအဆောင်မှာလည်း ယောဂီတစ်ယောက်က သေထားသေးတာ။ အဲဒီယောဂီက ကျွတ်၊မကျွတ်ကိုလည်း ကိုယ့်ဉာဏ်စွမ်းနဲ့ကမသိရ။ ဒါကြောင့် ယောဂီအပါအဝင် အခြားသော မကျွတ်မလွတ်တဲ့ ပုဂ္ဂိုလ်တွေ ရှိနေခဲ့ရင် ပါဒစက်တော်ရာရဲ့ အာဏာစက်ကို တိုက်ရိုက်မကြားနိုင်မှာစိုး၍ အရပ်ဆယ်မျက်နှာ မေတ္တာပို့နဲ့ရောစွက်ပြီး ပို့ဖြစ်ခဲ့ပါတယ်။

"အရှေ့အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်းငြိမ်းကြပါစေ" ဆိုတဲ့ စာတစ်ကြောင်းတည်းရှိသေး၊ ရင်ထဲမှာ အေးခနဲဖြစ်သွားပြီး ဘာနဲ့မှပြောပြ ယှဉ်ပြလို့မရတဲ့ အေးချမ်းမှုလေးတစ်ခု နှလုံးအိမ်မှာ နေရာယူခဲ့ပါပြီ။ မေတ္တာပို့နေစဉ်မှာလည်း သတ္တဝါတို့ရဲ့ အသားအသွေးကို မစားထားတဲ့ ခန္ဓာအစစ်နဲ့ ပို့လွှတ်နေတဲ့ မေတ္တာပါလားလို့ တွေးမိပြီး မျက်ရည်ဝဲလောက်အောင် ပျော်လာတယ်။

ပြောချင်တာက သက်သတ်လွတ်စားလို့ သီးသန့်ကြီး ကုသိုလ်တော့မရပါဘူး။ ဒါပေမဲ့မေတ္တာပို့စဉ် မေတ္တာထားစဉ်တော့ အင်မတန်ခွန်အားပြည့်ပါတယ်။ ဖားအောက်တောရဆရာတော်ကြီးရဲ့တရားကိုလည်း နာယူခဲ့ဖူးတယ်။ "အသားစားတဲ့သူတွေဆို နတ်တွေက စောင့်ရှောက်ရင် တစ်ယူဇနာ (၁၂ မိုင်)လောက်က စောင့်ရှောက်ရတယ်။ အသားမစားတဲ့သူတွေကိုတော့ အနီးကပ်စောင့်ရှောက်ပေးတယ်တဲ့။" ဒီနေရာမှာ ဦးပဍ္ဍင်းပြောချင်တာ "မေတ္တာအား" လေးကိုပါ။ တစ်သက်လုံးက မေတ္တာတရားဆို နောက်တွန့်ခဲ့တဲ့ကိုယ်က အခုဆို မေတ္တာအားရဲ့အရှိန်ကို အားကျနှစ်ခြိုက်သောက်သုံးမျှဝေဖြစ်လာပါပြီ။ ဒါ့ကြောင့် မေတ္တာပို့ရင်း မေတ္တာအားတွေရကြပါစေ။ ။

---

## တိုက်ကြီးမြို့နယ်၌ စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်

**တိုက်ကြီး ဩဂုတ် ၁၇**

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် Cash for Work (CFW) ကျေးရွာတစ်ရွာအား ရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ စီမံကိန်းကော်မတီဝင်များ တက်ရောက်ကြပြီး ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ ကျင်းပကြောင်း သိရသည်။



### လွှဲပြောင်းပေးအပ်

စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်ပွဲတွင် တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးက အဖွင့်အမှာစကားပြောကြားပြီး တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းက ရန်ပုံငွေလွှဲပြောင်း ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးကို စဉ်ဆက်မပြတ်ဖော်ဆောင်နိုင်ရန် စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် Cash for Work (CFW) ကျေးရွာတစ်ရွာ၏ စီမံကိန်းကော်မတီဝင်များထံသို့ စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀ စီကို လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

---



## သာယာဝတီမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် ဝန်ဆောင်မှုပေး

**သာယာဝတီ ဩဂုတ် ၁၇**

သာယာဝတီခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် ယနေ့နံနက်ပိုင်းတွင် အခြေခံပညာမူလတန်းကျောင်း ဇရပ်ကြီးကျေးရွာနှင့် အောက်လက်ပန်ခုံကျေးရွာတို့သို့ သုတ၊ ရသစာအုပ်များ အခမဲ့ငှားရမ်းခြင်း၊ ကျောင်းသားကျောင်းသူများအား ပုံပြင်များပြောပြခြင်း၊ ကဗျာရွတ်ဆိုခြင်းများ ဆောင်ရွက်သည်။

စာကြည့်တိုက်သို့ မလာရောက်နိုင်သည့်ပြည်သူများ၊ကျောင်းသားကျောင်းသူများ၊ စာဖတ်ပရိသတ်များအတွက် စာဖတ်ရှိန်မြှင့်တင်ရေးကို ရည်ရွယ်၍ သုံးဘီးယာဉ်ဖြင့် သုတ၊ ရသ၊ ရုပ်ပြ၊ မဂ္ဂဇင်း/ စာစောင် စသည့် စာအုပ်ပေါင်း ၁၀၀ ကျော်ဖြင့် ကွင်းဆင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# မိဘပြည်သူများထံသို့ အသိပေးပန်ကြားခြင်း

ယနေ့ (၁၇-၈-၂၀၂၂) ရက်နေ့ နံနက် ၆ နာရီ မိနစ် ၄၀ တွင် လေပြင်းတိုက်ကာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေ မြို့နယ် မြို့ပတ်လမ်းရှိ 33kV ပုသိမ်ညွှန့်-ရာမကွင်း ဓာတ်အားလိုင်းပေါ်သို့ သစ်ပင်ကြီးပြိုလဲရာမှ 33kV ဓာတ်အားလိုင်းတိုင်ငါးတိုင်နှင့် 400V ဓာတ်အား လိုင်းတိုင်တစ်တိုင် ကျိုးပဲ့ပျက်စီးသွားခြင်းအား ပြန်လည်ပြုပြင် တည်ဆောက်ခြင်းလုပ်ငန်းကို ခရိုင်လျှပ်စစ်အင်ဂျင်နီယာ (အရှေ့ပိုင်း) တိုင်း တည်ဆောက်ရေးအဖွဲ့နှင့် မြို့နယ်လျှပ်စစ်မန်နေဂျာ ရုံးဝန်ထမ်းအဖွဲ့များ ပူးပေါင်း၍ ဓာတ်အားပြန်လည် ပို့လွှတ်နိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ပြုပြင် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ လုပ်ငန်းဆောင် ရွက်နေစဉ်အတွင်း တာမွေမြို့နယ်အတွင်းရှိ နေရာ များနှင့် ဗဟန်းမြို့နယ်၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်နှင့် ရန်ကင်း မြို့နယ်များအတွင်းရှိ နေရာအနည်းငယ်တို့တွင် ယာယီဓာတ်အား ပြတ်တောက်လျက်ရှိပါကြောင်း မိဘပြည်သူများထံသို့ လေးစားစွာအသိပေး ပန်ကြားအပ်ပါသည်။

**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**





# မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် စားပွဲတင်တင်းနစ်ပြိုင်ပွဲနှင့် အလွတ်တန်း ဘိလိယက်/စနူကာ ပြိုင်ပွဲဖွင့်လှစ်

**တောင်ကြီး ဩဂုတ် ၁၇**

၂၀၂၂ ခုနှစ် ရှမ်းပြည်နယ် ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် စားပွဲ တင် တင်းနစ်ပြိုင်ပွဲနှင့် အလွတ် တန်း ဘိလိယက်/ စနူကာပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက တောင်ကြီးမြို့ ပြည်နယ်လေ့ကျင့် ရေးအားကစားရုံ၌ ကျင်းပသည်။



ဖွင့်ပွဲတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း က နိုင်ငံတော်အတွက် အားကစား သမားကောင်းများ ပေါ်ထွက်လာ စေရေးနှင့် ပြည်သူများကျန်းမာ ကြံ့ခိုင်စေရေးအတွက် ယနေ့ ကျင်းပသည့် မြို့နယ်အလိုက် စားပွဲတင်တင်းနစ်ပြိုင်ပွဲနှင့် ဘိလိ ယက်/စနူကာပြိုင်ပွဲကို ကျင်းပပေး ရခြင်းဖြစ်ကြောင်း။

မြို့နယ်အလိုက် စားပွဲတင် တင်းနစ်ပြိုင်ပွဲနှင့် ဘိလိယက်/ စနူကာပြိုင်ပွဲ နှစ်ခုအနက် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်နှင့်စနူကာပြိုင်ပွဲကို တောင်ကြီးမြို့၌ ပထမဆုံး အကြိမ် လက်ခံကျင်းပခွင့်ရခြင်း ကို ဂုဏ်ယူဖွယ်တွေ့ရှိရကြောင်း၊ ယခုပြိုင်ပွဲမှ ရှမ်းပြည်အသင်း အတွက် လက်ရွေးစင်အားကစား သမားများကို ရွေးချယ်ပြီး နေပြည်တော်နှင့် တောင်ကြီးမြို့ တို့၌ ကျင်းပမည့် တိုင်းဒေသ ကြီးနှင့် ပြည်နယ်ပြိုင်ပွဲများကို ဝင်ရောက် ယှဉ်ပြိုင်ကစားကြရ မည်ဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ် ရှမ်းပြည်နယ် ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက် အသက် ၂၅ နှစ်အောက် စားပွဲတင်တင်းနစ် ပြိုင်ပွဲနှင့် ဘိလိယက်/စနူကာ ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ကြ မည့် အားကစားသမားများအနေ ဖြင့် သတ်မှတ်စည်းမျဉ်း၊ စည်းကမ်း များကို လေးစားလိုက်နာပြီး အားကစားသမားများ အချင်းချင်း အားကစားစိတ်ဓာတ်ကို အရင်း ခံပြီး ချစ်ခင်ရင်းနှီးပျော်ရွှင်စွာ နှင့် မိမိတို့၏ အားကစားအရည် အချင်းများကို ထုတ်ဖော်ပြသ ယှဉ်ပြိုင် ကစားသွားကြရန် လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ် ဝန်ကြီးများက ပြိုင်ပွဲဝင်အားကစား သမားများနှင့် ဒိုင်လူကြီးများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် ကြကာ ဘိလိယက်/စနူကာ ပြိုင်ပွဲကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ် ဝန်ကြီးများက ကြိုးတံထိုး၍ ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်နေသော စားပွဲတင်တင်း နစ် အားကစားသမားများအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်၊

အဆိုပါ ပြည်နယ်ဝန်ကြီးချုပ် ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် စားပွဲတင်တင်းနစ် ပြိုင်ပွဲနှင့်အလွတ်တန်း ဘိလိယက်/ စနူကာပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အသင်း ၃၀၊ ပြိုင်ပွဲဝင် အားကစား သမား ၂၇၀ ဖြင့် ဘိလိယက်/စနူကာ ပြိုင်ပွဲကို ဩဂုတ် ၁၇ ရက်မှ ၂၃ ရက်အထိ၊ စားပွဲတင် တင်းနစ်ပြိုင်ပွဲ ကို ဩဂုတ် ၁၇ ရက်မှ ၂၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရ သည်။

**ပြည်နယ်(ပြန်/ဆက်)**

# ညောင်လေးပင်မြို့နယ်၌ ဆန်တစ်ပြည် ငွေကျပ် ၁၆၀၀နှုန်းဖြင့်ရောင်းချပေးလျက်ရှိ

**ညောင်လေးပင် ဩဂုတ် ၁၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တွင် ဩဂုတ် ၁၇ ရက် မွန်းလွဲ ၁ နာရီခန့်က စားသုံးသူရေးရာဦးစီးဌာနနှင့် ပဲခူးတိုင်းဒေသကြီး (အရှေ့)ဆန်လုပ်ငန်းရှင်များအသင်းတို့ပူးပေါင်း၍ စားသုံးသူပြည်သူများ အား ဆန်တစ်ပြည်လျှင် ငွေကျပ် ၁၆၀၀ နှုန်းဖြင့် လိုက်လံရောင်းချ ပေးလျက်ရှိကြောင်း သိရသည်။

**ဆက်လက်ရောင်းချ**

ထိုသို့ရောင်းချပေးရာတွင် တစ်အိမ်ထောင်လျှင် ဆန်နှစ်ပြည်နှုန်း ဖြင့် ညောင်လေးပင်မြို့ပေါ်ရပ်ကွက်များအတွင်း လှည့်လည်ရောင်းချပေး လျက်ရှိပြီး ကျန်ရှိနေသောရပ်ကွက်များသို့လည်း ဆက်လက်ရောင်းချ မည်ဖြစ်ကြောင်းသိရသည်။

ညောင်လေးပင်မြို့နယ်အတွင်းရှိ ပြည်သူများ စားဝတ်နေရေး အဆင်ပြေစေရန်အတွက် ဆန်များလိုက်လံရောင်းချပေးခြင်းကို မြို့နယ် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာ များနှင့် စေတနာ့ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





# ဘိုကလေးမြို့နယ် ကြေးတိုင်အင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနား ကျင်းပ

**ဘိုကလေး ဩဂုတ် ၁၇**

ငါးရိက္ခာ ဖူလုံမှုရှိစေရေး၊ ငါးသယံဇာတ ပေါများကြွယ်ဝစေရေးနှင့် အင်းများအတွင်း ငါးထုတ်လုပ်မှု တိုးတက်စေရေးကို ရည်ရွယ်ကာ ကြေးတိုင်အင်းသားကြီးများက ယနေ့နံနက် ၉ နာရီခွဲတွင် ဧရာဝတီ တိုင်းဒေသကြီး ဘိုကလေးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနနှင့် ပူးပေါင်း ကာ ဘိုကလေးမြစ်ရေပြင်၊ ဘိုကလေး-ရန်ကုန်-မော်ကျွန်းသုံးဂွဆိုင် မြစ်ဝနှင့် ကြေးတိုင်အင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်း အနား ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကိုကိုလွင်၊ ဘိုကလေးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကံဝင်း နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာအကြီးအကဲများ၊ နှစ်ရှည် အငှားဂရမ်(ကြေးတိုင်) စိစစ်ရေး ကော်မတီအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့ များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများနှင့် ကြေးတိုင်အင်းသား ကြီးများ စုစုပေါင်းအင်အား ၇၀ ခန့် တက်ရောက်ကြပြီး သုံးလက်မ အရွယ် ငါးတန်ငါးမျိုး ကောင်ရေ ၇၅၀၆၈၀ ကောင်ကို စိုက်ထည့်ခဲ့ ကြကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

# ရေတာရှည်မြို့နယ်အတွင်း အကြမ်းဖက်သမားများထံမှ လက်နက်၊ ခဲယမ်းများ ဖမ်းဆီးရမိခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်

နေပြည်တော် ဩဂုတ် ၁၇

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း အကြမ်းဖက်သမားများထံမှ လက်နက်၊ ခဲယမ်းများ ဖမ်းဆီးရမိခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရေနီမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဂုဏ်ပြုအမှာစကားများ ပြောကြားကြသည်။ ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ကြပြီး ဖမ်းဆီးရမိခဲ့သည့် လက်နက်/ခဲယမ်းများ ခင်းကျင်းပြသထားရှိမှုများကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မြို့နယ်/ကျေးရွာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၇

မြန်မာနိုင်ငံအတွင်း ဒေသအချို့တွင် ဩဂုတ် ၁၆ ရက်နှင့် ယနေ့တို့တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုများကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် မြို့နယ်/ကျေးရွာများ၌ လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ရေဘေးသင့် ပြည်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့သည်။



မင်္ဂလာဒုံမြို့နယ် ကြံခင်းစုရပ်ကွက်ရှိ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

မွန်ပြည်နယ် အတွင်းရှိ ချောင်းဆုံမြို့နယ် ကဒါကျေးရွာ၊ ကလောကျေးရွာနှင့် ကွမ်သဲကျေးရွာ၊ မုဒုံမြို့ရှိမြို့မ (၄)ရပ်ကွက်၊ အုတ်ကျင်းရပ်၊ လမိုင်းမြို့နယ်၊ ပေါင်မြို့နယ် အလှပ်ကျေးရွာ၊ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်၊ မော်လမြိုင်မြို့ရှိ သီရိမြိုင်ရပ်ကွက်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း မင်္ဂလာဒုံမြို့နယ်ရှိ ပေါက်ကုန်းရပ်ကွက်နှင့် ပလရရပ်ကွက်၊ ကြံခင်းစုရပ်ကွက်၊ မှော်ဘီမြို့နယ် သန္ဓေပင်ကျေးရွာအုပ်စု ထိန်စွန်းကျေးရွာနှင့် သံတံတားကျေးရွာ၊ သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာ၊ အေးသာယာရပ်ကွက်၊ ကျောင်းတန်းမြို့နယ် မရမ်းဘေးကျေးရွာ၊ ပုတ္တလုတ်ကျေးရွာ၊ သုံးခွမြို့နယ်အတွင်းရှိ ကျေးရွာ ၂၉ ရွာ၊ ခရမ်းမြို့နယ် ဘိုကလေးကျေးရွာနှင့် အုန်းပင်ကျေးရွာ၊ ရွှေပြည်သာမြို့နယ် အတွင်းရှိ အမှတ်(၂၄) ရပ်ကွက်နှင့် အမှတ်(၂၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ အမှတ် (၁၂) ရပ်ကွက်၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ကျိုက်လတ်မြို့နယ် ထရော်ရွာသစ်နှင့် ကျုံမငဲ့ကျေးရွာ၊ ငပုတောမြို့နယ် သစ်ရောင်းကျေးရွာအုပ်စု သံပတ်ကွင်းကျေးရွာနှင့် ရခိုင်ပြည်နယ်အတွင်း ကျောက်ဖြူမြို့နယ် အစိုးရရပ်ကွက်၊ စေတီတောင်ရပ်ကွက်၊ ကုလားဘာတောင်ရပ်ကွက်နှင့် မြစ်နားတန်း ရပ်ကွက်တို့၌ ဩဂုတ် ၁၆ ရက်နှင့် ယနေ့တို့တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုများကြောင့် ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သဖြင့် တောင်ကမ်းပါးယံ ပြိုကျခြင်း၊ အဆောက်အအုံ၊ လူနေအိမ်၊ ဈေးဆိုင်များပျက်စီးခြင်း၊ အခြေခံပညာကျောင်းများ အုတ်တံတိုင်း ပျက်စီးခြင်း၊ ကျေးလက်ဆေးပေးခန်း အမိုးလန်ပျက်စီးခြင်းနှင့် တံတားများ ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။

ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တပ်မတော်သားများက ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်အတူ ရေဘေးသင့် ပြည်သူများအား ယာယီကယ်ဆယ်ရေး စခန်းနှင့် ရေဘေးလွတ်ကင်းရာနေရာများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ ပြိုကျပျက်စီးနေသော အဆောက်အအုံအမိုးများ ဖယ်ရှားရှင်းလင်းခြင်းနှင့် ပြန်လည်ပြင်ဆင်ခြင်း၊ မြေထပ်မံပြိုကျမှု မရှိစေရေး သစ်လုံးများ တုတ်ရိုက်ခြင်းများနှင့် လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ရေဘေးသင့် ပြည်သူများအား ထောက်ပံ့ငွေများ၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပန်းတောင်းမြို့နယ်၌ ဆန်များဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိ

ပန်းတောင်း ဩဂုတ် ၁၇

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ ရပ်ကွက်/ကျေးရွာနေပြည်သူများ ဆန်ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ပန်းတောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာနနှင့် ဆန်စက်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ မနေသုခဆန်များအား ယနေ့ မွန်းလွဲပိုင်းက ရပ်ကွက်/ကျေးရွာအုပ်စုများတွင် တစ်ပြိုင်တည်း ရောင်းချပေးလျက်ရှိသည်။

### ဆန်အိတ် ၁၀၀ ရောင်းချ

ယင်းသို့ရောင်းချပေးရာတွင် မနေသုခဆန်တစ်ပြည်လျှင် ငွေကျပ် ၁၆၀၀ နှုန်းနှင့် အိမ်ထောင်စုတစ်စုလျှင် နှစ်ပြည်နှုန်း ရောင်းချပေးရာ ကြခတ်ရပ်ကွက်၌ ငါးအိတ်၊ မင်းရပ် ရပ်ကွက်၌ ငါးအိတ်၊ ဝန်လိုရပ်ကွက်၌ ငါးအိတ်၊ ဖောင်းကန်ရပ်ကွက်၌ ငါးအိတ်၊ စည်သာရပ်ကွက်၌ ၁၆ အိတ်၊ တောင်ဘွေကျေးရွာအုပ်စု၌ ကိုးအိတ်၊ ဆင်တဲကျေးရွာအုပ်စု၌ ၃၅ အိတ်၊ သရက်လိန်ကျေးရွာအုပ်စု၌ ၂၀ စုစုပေါင်း အိတ် ၁၀၀ ရောင်းချပေးခဲ့ကြောင်း သိရသည် ။

အောင်မြင့်(ပန်းတောင်း)



သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏။

○ အာရှအမျိုးသမီးမှ

ယခုပွဲစဉ်မှာ အား/ကာသိပ္ပံအသင်းအတွက် နောက်တစ်ဆင့်တက်ရောက်ရေး မျှော်လင့်ချက်အတွက် အားကုန်ထုတ်ကစားရမည်ဖြစ်ပြီး အနိုင်ရမှသာ မျှော်လင့်ချက်ရှိမည်ဖြစ်သည်။ အား/ကာသိပ္ပံအသင်းအနေဖြင့် သရေ သို့မဟုတ် အရေးနိမ့်ပါက အုပ်စုအဆင့်မှထွက်ရမည်ဖြစ်ပြီး အနိုင်ရပါက ထိုင်းကလပ်နှင့် တရုတ်(တိုင်ပေ)ကလပ်တို့၏ နောက်ဆုံးပွဲရလဒ်ကို စောင့်ကြည့်ရမည်ဖြစ်သည်။ အား/ကာသိပ္ပံအသင်းအနေဖြင့် အုပ်စုအဖွင့်ပွဲတွင် အရေးနိမ့်ခဲ့သဖြင့် အရှေ့အာရှဇုန်နှင့် အနောက်အာရှဇုန်မှ အမှတ်အများဆုံး နှစ်သင်းကစားရမည့် ဗိုလ်လုပွဲတက်ရောက်ခွင့် အခွင့်အရေးနည်းသွားခြင်းဖြစ်သည်။

အား/ကာသိပ္ပံ အမျိုးသမီးအသင်းတွင် လက်ရွေးစင်နှင့် လူငယ်လက်ရွေးစင်အဆင့် ကစားသမားအများစုပါဝင်သော်လည်း ကလပ်အသင်းအနေဖြင့် ပထမဆုံးနိုင်ငံတကာပြိုင်ပွဲဖြစ်သောကြောင့် အတွေ့အကြုံပိုင်းအားနည်းပြီး ရလဒ်ကောင်းရယူနိုင်ရန် ရုန်းကန်နေရခြင်းဖြစ်သည်။

ကိုညီလေး

# ကျောက်တံခါးမြို့နယ်အတွင်းသို့ ယာယီတိုက်ပွဲရှောင်ရောက်လာသည့် မိသားစုများမှ မူလတန်းကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်

ကျောက်တံခါး ဩဂုတ် ၁၇

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ဩဂုတ် ၁၆ ရက် နံနက် ၁၀ နာရီက ကျောက်တံခါးမြို့နယ်အတွင်းသို့ ယာယီတိုက်ပွဲရှောင်ရောက်ရှိလာသည့် မိသားစုများမှ မူလတန်းကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆွေက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယမြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ဇင်သန့်က ယာယီတိုက်ပွဲရှောင်ရောက်လာသော မိသားစုများမှ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံများ ထောက်ပံ့ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

### ထောက်ပံ့ပေးအပ်

ထို့နောက် စစ်တောင်းမြစ်အရှေ့ဘက်ကမ်းရှိ ကျေးရွာများမှ ကျောက်တံခါးမြို့နယ် ကညင်ကျိုးကျေးရွာသို့ ယာယီတိုက်ပွဲရှောင်ရောက်ရှိလာသည့် မိသားစုများမှ မူလတန်းကျောင်းသား ၁၇ ဦးနှင့် မူလတန်းကျောင်းသူ ၂၃ ဦး စုစုပေါင်း ၄၀ အတွက် ကျောင်းဝတ်စုံများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❖ ကျောဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၂/၂၀၂၂) ကို ၂၀၂၂ ခုနှစ် ဇူလိုင် ၃၀ ရက်တွင် ကျင်းပပြုလုပ်ခဲ့မှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် အခြေအနေများ။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အမျိုးသားရေးလုပ်ငန်းစဉ်(၂) ရပ်နှင့် နိုင်ငံရေးလုပ်ငန်းစဉ်(၂)ရပ်တို့ အောင်မြင်စေရေးဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌများပါဝင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့မှုအခြေအနေများ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့သည့်အခြေအနေများ။

ငြိမ်းချမ်းရေးဆောင်ရွက်ချက်များနှင့် ပတ်သက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် EAO အဖွဲ့ ၁၀ ဖွဲ့တို့ဖြင့် တွေ့ဆုံဆွေးနွေးခဲ့မှု၊ ဆွေးနွေးခဲ့ပြီး သဘောတူညီချက်များကို လက်မှတ်ရေးထိုးနိုင်ခဲ့သည့် အခြေအနေများနှင့် ဒုတိယအကြိမ်ထပ်မံတွေ့ဆုံဆွေးနွေးရန် ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ။

မြန်မာနိုင်ငံအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါအတိုင်း နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးစဉ်ရောက်ရှိစဉ် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးခဲ့မှုအခြေအနေများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်သည့် ၂၀၂၂ ခုနှစ် နိုင်ငံတကာတပ်မတော်အားကစားပြိုင်ပွဲ (International Army Game- 2022)နှင့် တတိယအကြိမ်မြောက် နိုင်ငံတကာဗိုလ်လောင်းများအားကစားပြိုင်ပွဲ (3rd CISM World Cadet Games) တွင် မြန်မာ့တပ်မတော်ကိုယ်စားပြုအသင်းများ ပါဝင်ယှဉ်ပြိုင်နေမှုနှင့် ဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့သည့်အခြေအနေများ။

မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏ အိမ်နီးချင်းကောင်းနိုင်ငံအဖြစ်လည်းကောင်း၊ မဟာဗျူဟာမိတ်ဖက်နိုင်ငံအဖြစ်လည်းကောင်း၊ ဆွေမျိုးပေါက်ဖော်နိုင်ငံအဖြစ်လည်းကောင်း ခိုင်မာစွာရပ်တည်သွားမည့်အခြေအနေများ၊ (၅၅)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများနှင့် ပတ်သက်၍ ဆောင်ရွက်ခဲ့မှုအခြေအနေများ။

**ရှင်းလင်းပြောကြား**

ခရိုင် ၅၀ ရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများ တွဲဖက်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် NUG၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ ဒေသအချို့တွင် အကြမ်းဖက်မှုလုပ်ရပ်များအပါအဝင် အခြားလုပ်ဆောင်နေမှုများနှင့်ပတ်သက်၍ Power Point Presentation များ၊ Video ဖိုင်များဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ကျူးလွန်ခဲ့ကြသူများကို အရေးယူဆောင်ရွက်မှုအခြေအနေများ၊ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအပါအဝင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ပတ်သက်၍ Power Point Presentation များဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သတင်းဌာနများမှ သတင်းထောက်များ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာသတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။

**ဆက်လက်ဖော်ပြသွားမည်**

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များ၊ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ပြည်တွင်း ရုပ်မြင်သံကြားသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက်ပြည်ပသတင်းဌာနမှ သတင်းထောက်များ လာရောက်သတင်းရယူခဲ့ကြကြောင်းနှင့် သတင်းစာရှင်းလင်းပွဲပြုလုပ်မှု၊ မေးမြန်းဖြေကြားမှု အပြည့်အစုံကို ဆက်လက်ဖော်ပြသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရွှေတိဂုံစေတီတော် အဆင့်မြင့်ယဉ်ကျေးမှုသင်တန်း အမှတ်စဉ်(၄) သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် အဆင့်မြင့်ယဉ်ကျေးမှုသင်တန်း အမှတ်စဉ်(၄) သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ်ရှိ ဦးဘိုးသောင်းတန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အလှည့်ကျ သဘာပတိ ဦးမင်းလွင်က သင်တန်းပြီးမြောက်အောင်မြင်မှု အထိမ်းအမှတ်စကားပြောကြားပြီး သင်တန်းနည်းပြ မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဦးဟန်က သင်တန်းသင်ကြားပြီးစီးမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်

ထို့နောက် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များက သင်တန်းနည်းပြဆရာကြီးနှင့် ဆရာမကြီးအား ဂါရဝပြုလက်ဆောင်နှင့် ဆုရသင်တန်းသားများအား ဆုချီးမြှင့်ပေးအပ်ကြပြီး သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါသင်တန်းကို ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ရုံးဝန်ထမ်းများ၊ စေတီတော်ကြီး၏ ဝေယျာဝစ္စလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထေရဝါဒဗုဒ္ဓဘာသာယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့်အညီ ဆောင်ရွက်နိုင်ရန်နှင့် အများပြည်သူနှင့် ဆက်ဆံပြောဆိုရာတွင် ကိုယ်နှုတ်နှလုံးယဉ်ကျေးသိမ်မွေ့စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျိုက်ထိုမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်

ကျိုက်ထို ဩဂုတ် ၁၇

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရန်ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို ယနေ့ နံနက် ၁၀ နာရီက အမက(အောင်ချမ်းသာ) ကျောင်း၌ ကျင်းပသည်။

အဆိုပါ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတွင် ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က **အားလပ်ချိန်မှာ အချိန်ကိုအကျိုးရှိစွာအသုံးပြုပါ** ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့ပြီး ကျောင်းသား ကျောင်းသူများအား ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲများပြုလုပ်ပေးကာ ထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ကျောင်းသား ကျောင်းသူများ စာပေဖတ်ရှုလေ့လာနိုင်ရန် စာအုပ်စာစောင်များ ခင်းကျင်းပြသပေးခြင်းနှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ ယာဉ်စည်းကမ်းအန္တရာယ်၊ သဘာဝဘေးအန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ် အသိပညာပေးနံရံကပ်စာစောင်များ ပြသခဲ့ရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။



**ကျိုက်ထို(ပြန်/ဆက်)**

## ပဲခူးမြို့၌ ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေးသင်တန်း (၁ / ၂၀၂၂)ဖွင့်လှစ်

ပဲခူး ဩဂုတ် ၁၇

ပဲခူးမြို့၌ ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေးသင်တန်း(၁ /၂၀၂၂)ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီက ပဲခူးခရိုင် မီးသတ်ဦးစီးဌာနခန်းမ၌ ကျင်းပသည်။

**ပြောကြား**

အခမ်းအနားတွင် မြန်မာနိုင်ငံမီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူက အဖွင့်အမှာစကားပြောကြားရာ ယနေ့နိုင်ငံအသီးသီးတွင် နှစ်စဉ်လူဦးရေတိုးပွားလာခြင်းကြောင့် အဆောက်အအုံများ ထူထပ်ခြင်း၊ လျှပ်စစ်ပစ္စည်းကိရိယာများ တိုးတက်ထွန်းကားလာခြင်း၊ တောတောင်ပြုန်းတီးလာပြီး ရာသီဥတုဖောက်ပြန်ပြောင်းလဲကာ အပူလွန်ကဲခြင်းများကြောင့် မီးဘေးအန္တရာယ်အပါအဝင် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျှင်လှုပ်ခြင်း၊ တောမီးလောင်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ အစရှိသည့် သဘာဝဘေးအန္တရာယ်များ အပါအဝင် ရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ်များသည် ဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်လာကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ ခေတ်ကာလနှင့် လျော်ညီသည့် ရှာဖွေကယ်ဆယ်ရေးနည်းစနစ်များကို စနစ်တကျ လေ့လာသင်ယူနိုင်ရန် သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံမီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူ၊ တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးဝင်းနှင့် ခရိုင်၊ မြို့နယ်အဆင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ လူမှုကူညီရေးပရဟိတအသင်းအဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။ သင်တန်းကို ဩဂုတ် ၁၅ ရက်မှ ၂၆ ရက်အထိ သင်တန်းကာလနှစ်ပတ်ကြာ သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းသား ၃၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မအူပင်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကျင်းပ

မအူပင် ဩဂုတ် ၁၇

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၁၁ နာရီက ကျင်းပသည်။

ဦးစွာ မအူပင်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်သူဇာလှိုင်က လူကုန်ကူးခံရမှုအခြေအနေများ၊ မူးယစ်ဆေး၏ ဆိုးကျိုးများကြောင့် လူညွှန့်တုံးခဲ့ရသည့် သာဓကများနှင့် မူးယစ်ဆေးဝါးမသုံးစွဲမိစေရန် ဆောင်ရန်၊ ရှောင်ရန်များကိုလည်းကောင်း၊ လူကုန်ကူးမှု သတိပြုရမည့် ဆောင်ရန်၊ ရှောင်ရန်များကိုလည်းကောင်း လူငယ်ရေးရာ အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဦးအောင်ဇော်ဦးက စားသုံးသူများအနေဖြင့် သတိပြုလိုက်နာရမည့်အချက်များ၊ စားသုံးသူပြည်သူများအနေဖြင့် ကုန်စည်နှင့် ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲရာတွင် နစ်နာဆုံးရှုံးမှုများရှိပါက ဆက်သွယ်ဆောင်ရွက်နိုင်သည့် လိပ်စာနှင့် ဖုန်းနံပါတ်များ စသည့် စားသုံးသူရေးရာအသိပညာပေး ဆွေးနွေးပြောကြားခြင်းနှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ မြို့နယ်အားကစားမှူး ဒေါ်ဇင်မာခိုင်က လူငယ်လူရွယ်များအတွက် ကျန်းမာရေးနှင့်အားကစားဆိုင်ရာ အသိပညာပေးဟောပြောခဲ့ကြသည်။

ဆက်လက်၍ အားကစားဆိုင်ရာပစ္စည်း ဘောလုံးများကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းခဲ့သည်။ ကျောင်းသား ကျောင်းသူများအား ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းအားပြသ၍ လိုက်ပါဆောင်ရွက်စေပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မူးယစ်အသိပညာပေး နယ်လှည့်နံရံကပ်စာစောင်များ ပြသရာ ကျောင်းသား ကျောင်းသူလေးများက စိတ်ပါဝင်စားစွာ ကြည့်ရှုမှတ်သားကြသည်။


**ခရိုင်(ပြန်/ဆက်)**

# တောင်သူကြီးများ လူမှုစီးပွားဘဝဖွံ့ဖြိုးရန် လိုအပ်ချက်ဖြည့်ဆည်းပေးမည့် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုဆိုင်ရာ မြစိမ်းရောင်စီမံကိန်း(MSY)

ခန့်ဇော်(ကျေးလက်)

စာရေးသူအနေဖြင့် မြစိမ်းရောင်စီမံကိန်းနဲ့ပတ်သက်တဲ့ ဆောင်းပါးလေးပုဒ်ကို နိုင်ငံပိုင်သတင်းစာတွေမှာ ရေးသားဖော်ပြခဲ့ပြီး စာရေးသူရဲ့ “ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆောင်းပါးစုစည်းမှု” စာအုပ်မှာလည်း ထည့်သွင်းဖော်ပြခဲ့ပြီးဖြစ်ပါတယ်။

ကိုဗစ်-၁၉ ဖြစ်ပွားမှုနဲ့ ကမ္ဘာ့နိုင်ငံရေးအခြေအနေတွေကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးဟာ စီးပွားရေးထိခိုက်မှုတွေရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး ဒီထဲမှာ မြန်မာနိုင်ငံလည်း အပါအဝင်ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုရန်ပုံငွေမှ ကျပ်ဘီလီယံ ၄၀၀ ကို စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံတဲ့ စီးပွားရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးသီးသန့်ရန်ပုံငွေတစ်ရပ် ထူထောင်ပြီး ၁၂-၈-၂၀၂၂ ရက်နေ့မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ပြည်နယ်/ တိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ နဂါ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနဲ့ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတွေကို ရန်ပုံငွေကျပ်ဘီလီယံ ၃၃၀ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရပါတယ်။




## အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထူထောင်ပေး

မြန်မာနိုင်ငံအနေနဲ့ Myanmar Economic Recovery Plan (MERP)၊ Covid-19 Economic Recovery Plan (CERP) အစီအစဉ်တွေ ရေးဆွဲပြီး ထိခိုက်မှုတွေ လျော့ပါးသက်သာအောင် ဆောင်ရွက်လျက်ရှိပါတယ်။ CERP အစီအစဉ်အရ ၂၀၂၀ ပြည့်နှစ်မှာ အသေးစားနဲ့ အလတ်စားစီးပွားရေး (SME) လုပ်ငန်းတွေကို သက်သာတဲ့ အတိုးနှုန်းနဲ့ ချေးငွေတွေ ထုတ်ပေးခဲ့သလို ဆက်လက်ထုတ်ပေးလျက်လည်း ရှိပါတယ်။ ဒါ့အပြင် Cash for Work (CfW) စီမံကိန်း၊ Village Revolving Fund Project (VERP)စီမံကိန်းတွေကိုလည်း ဆောင်ရွက်ခဲ့ပြီး အတိုင်းအတာတစ်ခုအထိ အကျိုးပြုနိုင်ခဲ့ပါတယ်။ Cash for Work(CfW) စီမံကိန်းကတော့ ကျေးရွာကုန်ထုတ်လုပ်မှုနဲ့ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို လုပ်သားအင်အားအသုံးပြုရတဲ့ Labour Intensive နည်းလမ်းနဲ့ ကျေးရွာလူထုကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်စေတာဖြစ်ပြီး Village Revolving Fund Project(VERP) ကတော့ မြစိမ်းရောင်ကျေးရွာစီမံကိန်းလိုပဲ ကျေးလက်နေ လုပ်ကွက်ငယ်တောင်သူတွေ၊ စိုက်ပျိုးမွေးမြူ ထုတ်လုပ်ရောင်းချသူတွေ၊ အသေးစားစီးပွားရေးလုပ်ကိုင်နေသူတွေ စီးပွားရေးလုပ်ငန်းတွေ ပြန်လည်စတင်နိုင်ဖို့နဲ့ တိုးချဲ့ဆောင်ရွက်နိုင်ဖို့အတွက် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ (မတည်ရန်ပုံငွေ) ထူထောင်ပေးတာဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကိုအခြေခံတဲ့ နိုင်ငံဖြစ်တဲ့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးရေးဟာ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအကျဆုံးအခန်းကဏ္ဍက ပါဝင်ပါတယ်။ စိုက်ပျိုးမွေးမြူရေးတောင်သူတွေရဲ့ အဓိကလိုအပ်ချက်မှာ မျိုး၊ သွင်းအားစု၊ နည်းပညာနဲ့ ဈေးကွက်တို့ပဲဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံတွေရဲ့ ဖြစ်စဉ်တွေကြောင့် သွင်းအားစုတွေ ဈေးကြီးလာတာ၊ ကုန်ပစ္စည်းတွေ သယ်ယူပို့ဆောင်ရေးအတွက် အဓိကအရေးပါတဲ့စက်သုံးဆီဈေးကြီးမြင့်လာတာတွေဟာလည်း တောင်သူတွေအတွက် ကြီးမားတဲ့ ထိုးနှက်ချက်ပဲဖြစ်ပါတယ်။ ဒါ့ကြောင့် သွင်းအားစုမသုံးနိုင်၊ သွင်းအားစုမသုံးတော့ အထွက်နှုန်းကျ၊ အထွက်နှုန်းကျတော့ ပြည်ပတင်ပို့မှုကျ… ဒီလိုနဲ့ နိုင်ငံ့စီးပွားရေး၊ တောင်သူ့စီးပွားရေးကို ထိခိုက်လာစေမှာဖြစ်ပါတယ်။

## ယူရီးယားဓာတ်မြေဩဇာ ကျပ် ၈၆၀၀၀ ဖြင့် ဖြန့်ဖြူးပေးနိုင်ခဲ့

ဒါကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့တာဝန်ပေးချက်အရ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ယူရီးယားဓာတ်မြေဩဇာဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီကို ဖွဲ့စည်းကာ မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များ အသင်းဝင်ကုမ္ပဏီတွေနဲ့ Consortium ဖွဲ့စည်းပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ ပြည်နယ်/ တိုင်းဒေသကြီးအစိုးရအဖွဲ့တွေနဲ့ ပူးပေါင်းပြီး မိုးစပါးရာသီအမီ ဓာတ်မြေဩဇာသွင်းအားစုကို သက်သာတဲ့နှုန်းနဲ့ အချိန်မီတင်သွင်း၊ ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်ခဲ့ပါတယ်။ ယူရီးယားဓာတ်မြေဩဇာတန် ၈၀၃၇၀၊ ကွန်ပေါင်းဓာတ်မြေဩဇာ(Compund) ၃၀၁၂၄ တန်တင်သွင်းနိုင်ခဲ့ပြီး ယခင် တစ်အိတ်လျှင် ငွေကျပ် တစ်သိန်းကျော်ပေးရတဲ့ ယူရီးယားဓာတ်မြေဩဇာကို ရန်ကုန်အထိုင်ဈေး ကျပ် ၈၆၀၀၀ ဖြင့် ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။

## စားသုံးဆီဖူလုံရေးစီမံချက်ကိုရေးဆွဲခဲ့

ထိုနည်းတူ စားသုံးဆီဖူလုံရေး စီမံချက်ကို ရေးဆွဲခဲ့ပြီး မြစိမ်းရောင်စီမံကိန်း (ဆီထွက်သီးနှံ) ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနဲ့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဆီထွက်သီးနှံ “နေကြာ” တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် နေကြာမျိုးစေ့ထုတ်လုပ်တာ၊ အရည်အသွေးစစ်ဆေးတာနဲ့ နှုန်းထားသတ်မှတ်တာ၊ စိုက်ပျိုးဧရိယာရွေးချယ်တာတွေကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပြီး စိုက်ပျိုးမယ့် တောင်သူရွေးချယ်တာကို စိုက်ပျိုးရေးဦးစီးဌာနနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ကာ မျိုးစေ့ဖြန့်ဖြူးတာကို မျိုးစေ့သမအသင်းတွေက ဆောင်ရွက်ပြီး မြစိမ်းရောင်ချေးငွေထုတ်ချေးတာကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပါတယ်။ မျိုးစေ့ထုတ်လုပ်ဖို့လိုအပ်တဲ့ သွင်းအားစုတွေကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တွေက ပူးပေါင်းဆောင်ရွက်ပေးပါတယ်။

## Solar Pumping စနစ်နဲ့ ပေါင်းစပ်ဆောင်ရွက်

ထွက်ရှိလာတဲ့မျိုးတွေကို လာမယ့်ဆောင်းရာသီမှာ နေကြာပြန်လည်စိုက်ပျိုး ထုတ်လုပ်နိုင်ရေးအတွက် မျိုးဝယ်ယူနိုင်ရေးနဲ့ သွင်းအားစုအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြစိမ်းရောင်စီမံကိန်း (ဆီထွက်သီးနှံ)က ကျေးရွာ ၄၅၇ ရွာမှာ မတည်ရန်ပုံငွေကျပ် သန်း ၆၉၆၀ နဲ့ ကူညီဆောင်ရွက်သွားမှာဖြစ်ပြီး လက်ရှိမှာလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ဆီထွက်သီးနှံနေကြာစိုက်ပျိုးထုတ်လုပ်မယ့်ဒေသတွေမှာ ရေလိုအပ်ချက်ရှိပါက ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းပြီး အသေးစားရေရရှိရေးလုပ်ငန်းတွေကို Solar Pumping စနစ်နဲ့ ပေါင်းစပ်ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ လက်ရှိမှာ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ပဲခူးတိုင်းဒေသကြီးတို့ရှိ မြို့နယ် ၅မြို့နယ်၊ ကျေးရွာကိုးရွာတွင် ဆိုလာစနစ်သုံး စိုက်ပျိုးရေရရှိရေးလုပ်ငန်း ၁၅ ခုကို ရန်ပုံငွေကျပ် ၁၃၈ ဒသမ ၇၂၈ သန်းဖြင့် ပူးပေါင်းဆောင်ရွက်နေပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဟာ လက်ရှိအချိန်အထိ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)အပါအဝင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးရွာပေါင်း ၁၂၃၇၃ ရွာအတွက် ရန်ပုံငွေကျပ် ၃၅၄ ဒသမ ၆၄ ဘီလီယံနဲ့ ဆောင်ရွက်လျက်ရှိပြီး ကျေးရွာ ၁၄၅၆၅ ရွာကို အကျိုးပြုလျက်ရှိပါတယ်။

၁၂-၈-၂၀၂၂ ရက်နေ့မှာတော့ ပြည်နယ်/ တိုင်းဒေသကြီးအစိုးရအဖွဲ့တွေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသဦးစီးအဖွဲ့တွေရဲ့စီမံခန့်ခွဲမှုနဲ့ စိုက်ပျိုးမွေးမြူရေး မြစိမ်းရောင်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့ နိုင်ငံတော်က “နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ”အနက်မှ ငွေကျပ် ၁၀၀ ဘီလီယံ ထောက်ပံ့ပေးခဲ့ပါတယ်။

စိုက်ပျိုးမွေးမြူရေး လုပ်ငန်းတွေနဲ့ သမဝါယမလုပ်ငန်းတွေ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်စေဖို့၊ မိသားစုဝင်ငွေ တိုးပွားလာစေဖို့၊ ဘဏ္ဍာငွေအရင်းအမြစ် စဉ်ဆက်မပြတ်ရရှိပြီး အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထူထောင်နိုင်ဖို့၊ တိုးပွားလာတဲ့ရန်ပုံငွေတွေနဲ့ ကျေးရွာအတွက် **စာမျက်နှာ ၁၁ သို့** ○

> **ထွက်ရှိလာတဲ့မျိုးတွေကို လာမယ့်ဆောင်းရာသီမှာ နေကြာပြန်လည်စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မျိုးဝယ်ယူနိုင်ရေးနဲ့ သွင်းအားစုအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြစိမ်းရောင်စီမံကိန်း (ဆီထွက်သီးနှံ)က ကျေးရွာ ၄၅၇ ရွာမှာ မတည်ရန်ပုံငွေကျပ် သန်း ၆၉၆၀ နဲ့ ကူညီဆောင်ရွက်သွားမှာဖြစ်ပြီး လက်ရှိမှာလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ဆီထွက်သီးနှံနေကြာစိုက်ပျိုးထုတ်လုပ်မယ့်ဒေသတွေမှာ ရေလိုအပ်ချက်ရှိပါက ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းပြီး အသေးစားရေရရှိရေးလုပ်ငန်းတွေကို Solar Pumping စနစ်နဲ့ ပေါင်းစပ်ဆောင်ရွက်ပေးမှာဖြစ်**

❍ စာမျက်နှာ ၁၀ မှ

အမှန်တကယ် လိုအပ်တဲ့ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ကျေးရွာက ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေဖို့၊ ဒေသတွင်း စားနပ်ရိက္ခာဖူလုံပိုလျှံစေဖို့နဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေဖို့ စတဲ့ရည်မှန်းချက်တွေနဲ့ စိုက်ပျိုးမွေးမြူရေး မြစိမ်းရောင်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်စေတာ ဖြစ်ပါတယ်။ ဆောင်ရွက်မယ့် ဒေသတွေအလိုက် ရန်ပုံငွေလျာထားချက်အနေနဲ့

(က) ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့ကို ပြည်နယ်တစ်ခုကို ငွေကျပ် ၁၀ ဘီလီယံနှုန်းနဲ့ သုံးပြည်နယ်အတွက် ငွေကျပ် ၃၀ ဘီလီယံ၊

(ခ) ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့ကို ပြည်နယ်တစ်ခုကို ငွေကျပ် ရှစ်ဘီလီယံနှုန်းနဲ့ လေးပြည်နယ်နဲ့ တိုင်းဒေသကြီး တစ်ခုတို့အတွက် ငွေကျပ် ၄၀ ဘီလီယံ၊

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ ခြောက်ခုကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသတစ်ခုကို ငွေကျပ် ငါးဘီလီယံနှုန်းနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ ခြောက်ခုအတွက် ငွေကျပ် ၃၀ ဘီလီယံဖြစ်ပြီး စုစုပေါင်း ငွေကျပ် ၁၀၀ ဘီလီယံဖြစ်ပါတယ်။

**စီမံကိန်းကျေးရွာများ ရွေးချယ်ရာတွင် အခြေခံရမည့်မူများ**

စီမံကိန်းကျေးရွာတွေ ရွေးချယ်ရာမှာ အောက်ဖော်ပြပါအချက်တွေအပေါ် အခြေခံပြီး ပွင့်လင်းမြင်သာမှုရှိစွာ စိစစ်ရွေးချယ်ရမှာဖြစ်ပါတယ်–

(က) စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ သမဝါယမလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရန် အလားအလာရှိမှု၊

(ခ) တရားဥပဒေစိုးမိုးမှု၊

(ဂ) ကျေးရွာသူ/ကျေးရွာသားတွေ၊ သမဝါယမအသင်းသားတွေရဲ့ စိတ်အားထက်သန်မှု၊ စည်းလုံးညီညွတ်မှု၊ (ကျေးရွာများမှ စီမံကိန်းဆောင်ရွက်ရန် လိုလားစွာ တင်ပြတောင်းဆိုမှု)၊

(ဃ) လမ်းပန်း ဆက်သွယ်ရေး လွယ်ကူချောမွေ့မှုနဲ့ နယ်မြေလုံခြုံတည်ငြိမ်အေးချမ်းမှု၊

(င) အခြား ဦးစီးဌာနတွေက လုပ်ဆောင်နေတဲ့ မြစိမ်းရောင်စီမံကိန်းတွေနဲ့ ထပ်မနေရ။

**စီမံကိန်းဧရိယာ**

စိုက်ပျိုးမွေးမြူရေး မြစိမ်းရောင်စီမံကိန်းကို ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ဝကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုးကန့်/ ပလောင်/ ပအို့'ဝ်း'/ ဓနု/ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေရှိ သက်ဆိုင်ရာပြည်နယ်/ တိုင်းဒေသကြီးအစိုးရ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသဦးစီးအဖွဲ့တွေက သတ်မှတ်စံနှုန်းနဲ့အညီ ရွေးချယ်တဲ့ စီမံကိန်းကျေးရွာတွေမှာ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**အတိုးနှုန်းနှင့် အတိုးနှုန်းကောက်ခံရန် ကာလသတ်မှတ်ခြင်း**

မြစိမ်းရောင် မတည်ရန်ပုံငွေက ကျေးရွာသား ကျေးရွာသူတွေ၊ သမဝါယမ အသင်းသားတွေကို ချေးငွေထုတ်ချေးပေးရာမှာ အတိုးနှုန်းကို ငွေတစ်ရာကျပ်အတွက် တစ်လလျှင် ပြား ၅၀ နှုန်းမှ ၁ ကျပ်ပြား ၅၀ နှုန်းအတွင်း ကျေးရွာမြစိမ်းရောင်စီမံကိန်းကြီးကြပ်မှု ကော်မတီ(သို့မဟုတ်) သမဝါယမအသင်းက အများသဘောတူအစည်းအဝေး ဆုံးဖြတ်ချက်နဲ့သတ်မှတ်ပေးနိုင်ပြီး အတိုးကောက်ခံတာကို ခြောက်လတစ်ကြိမ် သတ်မှတ်ကောက်ခံသွားမှာ ဖြစ်ပါတယ်။

**ချေးငွေသက်တမ်းကာလ**

ချေးငွေ သက်တမ်းကာလကို အောက်ပါအတိုင်း သတ်မှတ်သွားဖို့စီစဉ်ထားရှိပါတယ်–

(က) နှစ်ရှည်သီးနှံ စိုက်ပျိုးရေးလုပ်ငန်း (ဥပမာ–ကော်ဖီ၊ လက်ဖက် စသည်) အတွက် ချေးငွေသက်တမ်း သုံးနှစ်၊ ရာသီပေါ် သီးနှံတွေအတွက် ချေးငွေသက်တမ်း တစ်နှစ်၊

(ခ) မွေးမြူရေးလုပ်ငန်း (အသားကဏ္ဍ)မှာ ကျွဲ/ နွား/ နွားနောက်/ မြင်းတို့အတွက် ချေးငွေသက်တမ်း သုံးနှစ်၊ ဝက်/ သိုး/ ဆိတ်/ ကြက်/ ဘဲတို့အတွက် ချေးငွေသက်တမ်း တစ်နှစ်၊

(ဂ) ငါးလုပ်ငန်းအတွက် ချေးငွေသက်တမ်းတစ်နှစ်၊

(ဃ) သမဝါယမ အသင်းက ဆောင်ရွက်မယ့် ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှု သမဝါယမလုပ်ငန်းတွေအတွက် ချေးငွေသက်တမ်းတစ်နှစ်ဖြစ်ပြီး ချေးငွေပေးဆပ်ကာလ သုံးနှစ်အထိ ခွင့်ပြုပေးထားတဲ့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေ အနေနဲ့တော့ ချေးငွေစာချုပ်ကို နှစ်စဉ်သက်တမ်းတိုး ဆောင်ရွက်ဖို့ လိုအပ်မှာဖြစ်ပါတယ်။

**ချေးငွေဖြင့် ဆောင်ရွက်နိုင်မည့် လုပ်ငန်းများ**

ကျေးလက်အိမ်ထောင်စုတွေ၊ သမဝါယမအသင်းသားတွေအနေနဲ့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ရယူပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးလုပ်ငန်း၊ သမဝါယမအသင်းနဲ့ ဆောင်ရွက်တဲ့ စီးပွားမြင့်မားရေးလုပ်ငန်းစတဲ့လုပ်ငန်းတွေကို ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်မယ်ဆိုရင် ချေးငွေကို နှစ်ရှည်သီးနှံ/ ရာသီပေါ်သီးနှံ စိုက်ပျိုးရေးလုပ်ငန်းအပြင် ကုန်ချောထုတ်လုပ်မှုလုပ်ငန်းတွေမှာ အထောက်အကူရရှိစေဖို့ ဆောင်ရွက်လိုပါကလည်း ဆောင်ရွက်နိုင်ပါတယ်။ မွေးမြူရေး (အသားကဏ္ဍ) ဆိုပါက ချေးငွေရဲ့ ၇၀ ရာခိုင်နှုန်းကို တိရစ္ဆာန်မွေးမြူရေး လုပ်ငန်းအတွက် ဆောင်ရွက်ပြီး ကျန် ၃၀ ရာခိုင်နှုန်းကို စိုက်ပျိုးရေးလုပ်ငန်း၊ ငါးလုပ်ငန်းတွေ ဆောင်ရွက်လိုက ဆောင်ရွက်နိုင်ပါတယ်။ မွေးမြူရေး (ငါးကဏ္ဍ) ဆောင်ရွက်မယ်ဆိုရင် ချေးငွေရဲ့ ၆၀ ရာခိုင်နှုန်းကို ငါးလုပ်ငန်းအတွက် ဆောင်ရွက်ပြီး ကျန် ၄၀ ရာခိုင်နှုန်းကို စိုက်ပျိုးရေးလုပ်ငန်း၊ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းတွေ ဆောင်ရွက်လိုပါက ဆောင်ရွက်နိုင်ပါတယ်။ သမဝါယမလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မယ်ဆိုရင်လည်း ချေးငွေကို တစ်နှစ်ထုတ်ချေးပေးပြီး ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းတွေမှာ အထောက်အကူဖြစ်စေဖို့ ဆောင်ရွက်နိုင်ပါတယ်။ လက်ရှိဖွဲ့စည်းပြီး သမဝါယမအသင်းတွေနဲ့ ထပ်မံတိုးချဲ့ဖွဲ့စည်းမယ့် သမဝါယမအသင်းတွေ အတွက်လည်း ဆောင်ရွက်နိုင်ပါတယ်။ ကျေးရွာရှိဖြစ်နိုင်ခြေရှိတဲ့ စိုက်ပျိုးမွေးမြူရေး အရင်းအမြစ်တွေအပေါ် အခြေခံပြီး လက်တွေ့ကျကျ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

**တာဝန်ယူဆောင်ရွက်မည့် အခန်းကဏ္ဍ**

ယခုဆက်လက်ပြီး ချေးငွေလိုအပ်နေသေးတဲ့ဒေသတွေ၊ ကျေးရွာတွေနဲ့ စိုက်ပျိုးရေး အဓိကဆောင်ရွက်မယ့် ရွာတွေမှာ သီးနှံအခြေပြုစိုက်ပျိုးရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနကလည်းကောင်း၊ မွေးမြူရေး အဓိကဖြစ်ထွန်းမယ့်ဒေသတွေမှာ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ဖို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကလည်းကောင်း၊ ငါးလုပ်ငန်းဖြစ်ထွန်းမယ့် ဒေသတွေမှာ ငါးလုပ်ငန်းတွေဆောင်ရွက်ဖို့ ငါးလုပ်ငန်းဦးစီးဌာနကလည်းကောင်း၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေ ဖြစ်နိုင်ခြေရှိတဲ့ ဒေသတွေမှာ သမဝါယမအစုအဖွဲ့စနစ်နဲ့ သမဝါယမဦးစီးဌာနက လည်းကောင်း တာဝန်ယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်နိုင်ဖို့ စီမံကိန်း Design ရေးဆွဲတာနဲ့ နည်းပညာပံ့ပိုးတာကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနဲ့ သက်ဆိုင်ရာဦးစီးဌာနတွေ ပူးပေါင်းရေးဆွဲ ဆောင်ရွက်သွားမှာဖြစ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနဲ့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့က ကြီးကြပ်မှာဖြစ်ပါတယ်။

စီမံကိန်းကျေးရွာ ရွေးချယ်တာ၊ အနီးကပ် ကြီးကြပ်ကွပ်ကဲတာတွေကို သက်ဆိုင်ရာပြည်နယ်/ တိုင်းဒေသကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအစိုးရအဖွဲ့တွေက ကြီးကြပ်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ဒီမှာလည်း ဖြစ်လာနိုင်တဲ့ Risk တွေကို ကြိုတင်စဉ်းစားဆောင်ရွက်ကြရပါမယ်။ တရားဥပဒေစိုးမိုးတဲ့ ကျေးရွာတွေ၊ အမှန်တကယ်အကောင်အထည်ဖော်နိုင်မယ့် ကျေးရွာတွေကို စိစစ်ရွေးချယ်ဖို့ လိုပါတယ်။ အမှန်တကယ် ကြီးကြပ်နိုင်ဖို့ လိုအပ်တဲ့ အုပ်ချုပ်ထောက်ပံ့စရိတ်တွေကို စီမံချက်မှာ ပါဝင်အောင်ရေးဆွဲဖို့နဲ့ စနစ်တကျသုံးစွဲဖို့လည်း လိုအပ်ပါတယ်။ တကယ်လုပ်မယ့်တောင်သူ၊ အစုအဖွဲ့တွေကိုသာ ဦးစားပေး ဆောင်ရွက်သင့်ပါတယ်။ အလုပ်မလုပ်တဲ့သူတွေကို ရွေးမိရင် မအောင်မြင်နိုင်ပါ။ အမှန်တကယ် ဆောင်ရွက်မယ့်သူတွေ၊ အမှန်တကယ် ဆောင်ရွက်မယ့် ကော်မတီဝင်တွေ၊ အမှန်တကယ်ဆောင်ရွက်မယ့် သမဝါယမ အသင်းအမှုဆောင်တွေကို ရွေးချယ်ဆောင်ရွက်ဖို့ လိုပါတယ်။ စီမံကိန်းကြီးကြပ်မယ့် ဌာနဆိုင်ရာဝန်ထမ်းတွေရဲ့ စွမ်းဆောင်ရည်မြှင့်တင်ရေးဟာ အရေးကြီးပါတယ်။

ဝန်ထမ်းတွေ ကျွမ်းကျင်မှုရှိအောင် လေ့ကျင့်သင်ကြားမှုကို ဦးစွာစုဖွဲ့လေ့ကျင့်ပြီးမှ ပြည်နယ်/ တိုင်းအလိုက်၊ ခရိုင်အလိုက်၊ မြို့နယ်အလိုက် Pilot တစ်ရွာချင်းစီလုပ်ပြီးမှ Scale Up တိုးချဲ့ဆောင်ရွက်တဲ့ နည်းလမ်းကို သုံးသင့်ပါတယ်။ အထောက်အပံ့ပေးနိုင်မယ့်ဌာနတွေက ဘက်ပေါင်းစုံက ကူညီပံ့ပိုးနိုင်ရေးကိုလည်း သက်ဆိုင်ရာအစိုးရအဖွဲ့တွေ ကြိုတင်စီမံသင့်ပါတယ်။ စောင့်ကြည့်စစ်ဆေးရေးအတွက် Monitoring & Evaluation (M&E) စနစ် အရေးကြီးပါတယ်။ ပုံမှန်ကြီးကြပ်စစ်ဆေးနေဖို့ လိုအပ်ပါတယ်။ နှစ်စဉ်သုံးသပ်ပြီး လိုအပ်ချက်တွေကို ပြုပြင်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ မြစိမ်းရောင်စီမံကိန်းမှာ ဌာနနဲ့ ကျေးရွာတွေ မပြတ်ထိတွေ့နေမှ နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်ပံ့ပိုးမှု အပြည့်ရပြီး စီမံကိန်းအောင်မြင်မှာဖြစ်လို့ တရားဥပဒေစိုးမိုးရေးနဲ့ သက်ဆိုင်ရာအစိုးရအဖွဲ့တွေရဲ့ ကြီးကြပ်မှုနဲ့ ပံ့ပိုးမှုဟာ အလွန်အရေးကြီးကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

မြစိမ်းရောင်ကျေးရွာ စီမံကိန်းက နိုင်ငံတော်က ထောက်ပံ့တဲ့ မတည်ရင်းနှီးငွေကို ကျေးရွာသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေအဖြစ် မတည်ပေးပြီး ကျေးရွာလုပ်ငန်းအဖွဲ့ရဲ့ တိုက်ရိုက်စီမံခန့်ခွဲမှုနဲ့ အိမ်ထောင်စုတွေကို ချေးငွေထုတ်ချေးတာဖြစ်လို့ ကျေးရွာလူထုအနေနဲ့ မိမိတို့ဆောင်ရွက်လိုတဲ့ စိုက်ပျိုးမွေးမြူရေးအပါအဝင် မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းတွေကို ကိုယ်တိုင်လုပ်ကိုင် လည်ပတ်ဆောင်ရွက်နိုင်ပါတယ်။ အကျိုးဆက်အနေနဲ့ သွင်းအားစုအရောင်းဆိုင်တွေ၊ ကုန်စည်ဒိုင်တွေ၊ လက်လီ၊ လက်ကားအရောင်းဆိုင်တွေ၊ ကုန်ထုတ်လုပ်သူတွေဟာ မိမိတို့ရဲ့ စီးပွားရေးလုပ်ငန်းတွေကို လည်ပတ်ဆောင်ရွက်နိုင်ပြီး ကုန်စည်ရောင်းဝယ်ဖောက်ကားမှု ပုံမှန်လည်ပတ်စေတာကြောင့် အောက်ခြေမြို့နယ်၊ ကျေးရွာအဆင့်မှာ မိုက်ခရိုစီးပွားရေးတည်ငြိမ်မှု (Micro Economic Stability) ကို များစွာ အထောက်အကူဖြစ်ပေါ်စေခဲ့ကြောင်း သုံးသပ်ရရှိပါတယ်။

ဒါ့အပြင် စိုက်ပျိုးရေး/ မွေးမြူရေး/ ကုန်ထုတ်လုပ်မယ့် တောင်သူတွေ၊ ကျေးရွာတွေဟာ သက်သာတဲ့ အတိုးနှုန်း [ပြား ၅၀ မှ ၁ ကျပ် ပြား ၅၀ နှုန်း]နဲ့ ရင်းနှီးမတည်ငွေရတယ်။ မတည်ငွေ၊ သွင်းအားစု၊ စိုက်ပျိုးမွေးမြူရေးစရိတ်တွေ အသုံးချနိုင်မယ်။ ချေးငွေ လက်လမ်းမီမှုရှိတယ်။ အပေါင်ထားစရာ မလိုဘူး။ အတိုးနှုန်းသက်သာတာကြောင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်တွေမှာ အကျိုးအမြတ်ပိုရမှာဖြစ်ပြီး ဝင်ငွေလည်း တိုးစေမှာဖြစ်ပါတယ်။ ချေးငွေအတိုးနှုန်းကြီးမြင့်ပါက အတိုးပိပြီး ရှာသမျှအတိုးဆပ်ရတာနဲ့တင် သံသရာလည်နေမှာဖြစ်ပါတယ်။ ရေရှည်ဆက်လက်ဆောင်ရွက်နိုင်ဖို့ကတော့ တောင်သူတွေရဲ့တာဝန်ဖြစ်ပါတယ်။ "လဲနေသူထူပေးပါ"ဆိုတဲ့ ဆိုရိုးစကားရှိပါတယ်။ လဲနေသူကို ထူပေးရပါမယ်။ ဒါပေမဲ့ ထူပေးမယ့်သူက ထူပေးရင်တောင် လဲနေသူက "ထ"နိုင်မှ ဖြစ်ပါမယ်။ ထချင်စိတ်ရှိမှ ရပါမယ်။ ထနိုင်ဖို့ ကိုယ်တိုင်ကြိုးစားကြရပါမယ်။

နိုင်ငံတော်အစိုးရ အနေနဲ့တော့ စိုက်ပျိုးမွေးမြူရေး မြစိမ်းရောင်စီမံကိန်း (MSY)ကို နိုင်ငံ့စီးပွားရေးမှာ အခြေခံအကျဆုံးဖြစ်တဲ့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေ ဖွံ့ဖြိုးလာစေဖို့ ပင်မအားဖြစ်တဲ့ တောင်သူကြီးတွေအတွက် ဦးတည် ဆောင်ရွက်ပေးလိုက်တာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ပေးခြင်းအားဖြင့် အထက်မှာပြောခဲ့သလိုပဲ Microeconomic Levelအနေနဲ့ ကျေးရွာတွေ၊ ကုမ္ပဏီတွေဆီ အဆင့်ဆင့်ငွေကြေးစီးဆင်းမှု ရောက်ရှိသွားစေမှာဖြစ်လို့ လက်ရှိရင်ဆိုင်ကြုံတွေ့နေရတဲ့ ငွေကြေးဆိုင်ရာ အခက်အခဲတွေအတွက် Financial Injection ထိုးပေးလိုက်သလိုပါပဲ။

ကောင်းကျိုးအနေနဲ့က ဈေးကွက်ခိုင်မာမှုရှိစေသလို အသေးစားနဲ့အလတ်စား စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးလာစေရေးကို အထောက်အကူပြုစေပြီး တစ်ဖက်မှာလည်း စီးပွားရေးတည်ငြိမ်မှုကို အထောက်အကူပြုစေမှာ ဖြစ်ပါတယ်။ ဒီလိုရလဒ်ကောင်းတွေရရှိလာဖို့အတွက် သက်ဆိုင်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ လိုပါတယ်။ ပြိုင်တူတွန်းလျှင် ရွှေ့နိုင်ပါတယ်။ အဆင်ပြေနိုင်ပါတယ်။ ဒါကြောင့် "အစိုးရ၊ပြည်သူ၊ပုဂ္ဂလိက၊တောင်သူတွေ၊ သက်ဆိုင်သူတွေအားလုံး ပြိုင်တူတွန်းကြပါစို့၊ ကြိုးပမ်းကြပါစို့"၊ "စေတနာရှေ့ထား ဆောင်ရွက်ကြပါစို့"။ "တို့လုပ်မှရမယ်၊ တို့ လုပ်နိုင်တယ်" ဆိုတဲ့ အသိနဲ့ "နိုင်ငံသားတိုင်း နိုင်ငံသားတာဝန် ကျေပွန်ကြပါစို့"ဟု တိုက်တွန်းလိုက်ရပါတယ်။ ။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၆၈၃၃ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၄ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၇-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၆-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၇-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၆,၈၃၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၇၉) ရာခိုင်နှုန်း ရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅၄) ဦးအနက် (၄၅) ဦး၊ (၈၃.၃) ရာခိုင်နှုန်းမှာ ပြည်ပမှဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး (၉) ဦးမှာ ပြည်တွင်း တွင်ကူးစက်ဖြစ်ပွားသူများ ဖြစ်ပါသည်။ အဆိုပါ ပြည်ပမှဝင်ရောက်လာသည့် ဓာတ်ခွဲအတည်ပြုလူနာ (၄၅) ဦးအနက် (၄၂) ဦးသည် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ နယ်စပ်မှပြန်လည်ရောက်ရှိလာသူများဖြစ်ကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၆၄၀,၄၃၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၄,၅၁၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြား ထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၇) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၃,၁၄၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၁) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၇) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၆-၈-၂၀၂၂) ရက်နေ့အထိ အသက် (၁၈)နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၂၉၀,၃၇၄) ဦးနှင့် အသက် (၁၈)နှစ်အောက် လူဦးရေ စုစုပေါင်း (၆,၂၄၃,၂၀၉) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား ကျောင်းသူများ၊ ကျောင်းနေပြင်ပကလေးများနှင့် ပြည်သူများအားလုံးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့်

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (၁၇-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၆၉) ခု | (၃၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၃၀၀) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၈၀၆) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၈၃) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၉၇၃) ခု | (၁၅) ဦး |
| စုစုပေါင်း | (၆,၈၃၃) ခု | (၅၄) ဦး |

### ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု (၁၆-၈-၂၀၂၂ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၂၉၀,၃၇၄ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၂၄၃,၂၀၉ |

ထိုးနှံပြီးစီးမှုကာလ ၆ လအတွင်း ရောက်ရှိသော ပြည်သူများအား ထပ်ဆောင်းကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၄၈၆၉၉၃၆ | ၉၀၁၅၈၀၇၀ | ၁၀၆၃၀၈၇ |
| ၂။ | အိန္ဒိယ | ၄၄၂၈၆၂၅၆ | ၄၃၆၅၄၀၆၄ | ၅၂၇၁၃၄ |
| ၃။ | ပြင်သစ် | ၃၄၂၄၀၃၃၆ | ၃၃၅၃၆၄၁၅ | ၁၅၃၂၄၂ |
| ၄။ | ဘရာဇီး | ၃၄၂၀၁၂၈၀ | ၃၃၀၈၇၇၉၇ | ၆၈၁၈၂၈ |
| ၅။ | ဂျာမနီ | ၃၁၆၆၆၄၇၅ | ၃၀၄၃၅၇၀၀ | ၁၄၆၀၃၀ |
| ၆။ | ဗြိတိန် | ၂၃၄၂၀၈၂၆ | ၂၃၀၅၆၃၉၈ | ၁၈၆၀၈၇ |
| ၇။ | တောင်ကိုရီးယား | ၂၁၆၈၂၈၁၆ | ၁၉၆၇၆၇၅၁ | ၂၅၇၅၂ |
| ၈။ | အီတလီ | ၂၁၅၁၈၃၆၅ | ၂၀၄၉၀၁၇၀ | ၁၇၄၁၇၂ |
| ၉။ | ရုရှား | ၁၈၉၆၄၂၄၆ | ၁၈၁၉၄၇၅၀ | ၃၈၃၃၀၀ |
| ၁၀။ | တူရကီ | ၁၆၆၇၁၈၄၈ | စိစစ်ဆဲ | ၁၀၀၄၀၀ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၃၇၃၂၇၆ | ၁၀၀၄၀၃၃၈ | ၄၃၁၀၃ |
| ၂။ | အင်ဒိုနီးရှား | ၆၂၉၇၄၈၄ | ၆၀၈၇၀၅၆ | ၁၅၇၂၉၆ |
| ၃။ | မလေးရှား | ၄၇၄၁၄၁၃ | ၄၆၆၄၅၇၀ | ၃၆၁၀၂ |
| ၄။ | ထိုင်း | ၄၆၂၆၀၅၇ | ၄၅၇၄၂၄၀ | ၃၁၉၁၈ |
| ၅။ | ဖိလစ်ပိုင် | ၃၈၄၀၉၄၃ | ၃၇၄၄၆၆၉ | ၆၁၁၇၃ |
| ၆။ | စင်ကာပူ | ၁၈၀၁၉၃၆ | ၁၇၁၇၉၀၃ | ၁၅၆၅ |
| ၇။ | မြန်မာ | ၆၁၄၅၁၀ | ၅၉၃၁၄၅ | ၁၉၄၃၇ |
| ၈။ | ဘရူနိုင်း | ၂၁၅၂၈၃ | ၂၁၄၆၃၉ | ၂၂၅ |
| ၉။ | လာအို | ၂၁၂၇၆၁ | ၂၀၈၃၄၄ | ၇၅၇ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၃၂၆ | ၁၃၄၀၁၄ | ၃၀၅၆ |

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ် ယူကရိန်းနိုင်ငံသို့ သွားရောက်မည်



**ကုလသမဂ္ဂ ဩဂုတ် ၁၇**

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်သည် ဩဂုတ် ၁၈ ရက်တွင် ယူကရိန်းနိုင်ငံအနောက်ပိုင်းရှိ လာဗစ်မြို့သို့ သွားရောက်ကာ သမ္မတ ဇီလန်စကီးနှင့် တူရကီယဲသမ္မတ အာဒိုဂန်တို့နှင့် တွေ့ဆုံမည်ဖြစ်ကြောင်း ယနေ့ သတင်းများအရ သိရသည်။

၎င်းတို့က ရုရှားနှင့် ယူကရိန်းနှစ်နိုင်ငံ သဘောတူညီထားသည့် စိုက်ပျိုးရေး ထုတ်ကုန်များ တင်ပို့ရေးကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်မည်ဖြစ်ပြီး ရုရှား-ယူကရိန်း အရေးနှင့်ပတ်သက်ပြီး ကုလသမဂ္ဂအဖွဲ့နှင့် တူရကီနိုင်ငံတို့က ညှိနှိုင်းပေးသွားမည်ဖြစ်ကြောင်း အန်တိုနီယိုဂူတာရက်စ်က ဆိုသည်။

ဩဂုတ် ၁၉ ရက်တွင် ယူကရိန်းနိုင်ငံ တောင်ပိုင်းရှိ အိုဒီဆာပင်လယ်ဆိပ်ကမ်းမြို့သို့သွားရောက်ကာ စိုက်ပျိုးရေး ထုတ်ကုန်များတင်ပို့မှုကို သွားရောက်ကြည့်ရှုမည်ဖြစ်ကြောင်း သိရသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်၏ အဆိုပါခရီးစဉ်သည် ရုရှား-ယူကရိန်း ပဋိပက္ခစတင်ပြီးနောက် ဒုတိယအကြိမ်ဖြစ်ပြီး ဧပြီလအတွင်း ပထမဆုံးအကြိမ် သွားရောက်ခဲ့ကြောင်း သိရသည်။

ယင်းခရီးစဉ်အတွင်း အန်တိုနီယိုဂူတာရက်စ်သည် ယူကရိန်းသမ္မတ ဇီလန်စကီးနှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း ကုလသမဂ္ဂအဖွဲ့ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ရုရှား-ယူကရိန်းအရေးနှင့်ပတ်သက်ပြီး ကောင်းမွန်စွာ ဖြေရှင်းရမည့် နည်းလမ်းများကို အမြင်ချင်းဖလှယ်သွားမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ဆိုသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**



# အာဖဂန်နစ္စတန်နိုင်ငံ နူရီစတန်ပြည်နယ်၌ ရုတ်တရက်ရေကြီးမှုကြောင့် ၁၅ ဦး သေဆုံး

**ကဘူးလ် ဩဂုတ် ၁၇**

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း နူရီစတန်ပြည်နယ်၌ ရုတ်တရက်ရေကြီးမှုဖြစ်ပွားခဲ့ခြင်းကြောင့် ၁၅ ဦး သေဆုံးခဲ့ကြောင်း နိုင်ငံပိုင် ဘက်တာသတင်းအေဂျင်စီက ဩဂုတ် ၁၇ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံ နူရီစတန်ပြည်နယ်၏ ကမ်ဒစ်ခရိုင်တွင် ဩဂုတ် ၁၆ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုဖြစ်ပွားကာ ရုတ်တရက်ရေကြီးခဲ့ခြင်းကြောင့် အမျိုးသမီးနှင့် ကလေးငယ်များအပါအဝင် ၁၅ ဦး သေဆုံးမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အဆိုပါနိုင်ငံပိုင် ဘက်တာသတင်းအေဂျင်စီက ပြောကြားသည်။

ဒေသခံပြည်သူများ၏ နေအိမ်ရာပေါင်းများစွာသည်လည်း ရေကြီးရေလျှံမှုကြောင့် ဆိုးရွားစွာပျက်စီးမှုဖြစ်ပေါ်ခဲ့သည့်အပြင် ရေထဲမျောပါမှုပါ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထို့ပြင် အာဖဂန်နစ္စတန်နိုင်ငံ ပါဝန်ပြည်နယ်၊ ကာပီဆာပြည်နယ်၊ ဂါဇနီပြည်နယ်၊ ဝါဒက်ပြည်နယ်၊ လိုဂါပြည်နယ်နှင့် ပက်တီယာပြည်နယ်တို့တွင်လည်း ပြီးခဲ့သည့်သီတင်းပတ်အတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် လူပေါင်း ၉၀ ခန့် သေဆုံးခဲ့ကာ ၁၀၀ ခန့်ဒဏ်ရာရရှိခဲ့ကြကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# လာအိုနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူပေါင်း ၁၈၀၄၃ ဦး ရှိလာ

**ဗီယင်ကျန်း ဩဂုတ် ၁၇**

လာအိုနိုင်ငံ၌ ဇန်နဝါရီလမှစပြီး သွေးလွန်တုပ်ကွေး ရောဂါ ဖြစ်ပွားသူပေါင်း ၁၈၀၄၃ ဦးရှိပြီး အဆိုပါရောဂါကြောင့် ၁၇ ဦး သေဆုံးခဲ့ကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အဆိုပါရောဂါ ဖြစ်ပွားသူများအနက် ၉၁၁၄ ဦးမှာ မြို့တော်ဗီယင်ကျန်းမှဖြစ်ကြောင်း လာအိုကျန်းမာရေး ဝန်ကြီးဌာန လက်အောက်ရှိ ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်နှင့် ပညာပေးစင်တာ၏ အချက်အလက်များအရ သိရသည်။

ထို့ပြင် သွေးလွန်တုပ်ကွေး ရောဂါ ကူးစက်ခံရသူများအနက် လောင်နမ်သာခရိုင်မှ ၂၂၃၅ ဦး၊ ဆာရာဗန်ခရိုင်မှ ၁၁၈၀ နှင့် အတာပေါခရိုင်မှ ၁၁၇၆ ဦးတို့ တွေ့ရှိရကြောင်း သိရသည်။

သွေးလွန်တုပ်ကွေး ရောဂါကြောင့် သေဆုံးသူ ၁၇ ဦးအနက် မြို့တော်ဗီယင်ကျန်းမှ ငါးဦး၊ ဆာရာဗန်ခရိုင်မှ သုံးဦး၊ လောင်နမ်သာခရိုင်မှ နှစ်ဦးနှင့် အိုဒိုဇေခရိုင်မှ တစ်ဦးတို့ဖြစ်ကြောင်း သိရသည်။

ကျန်းမာရေးအာဏာပိုင်များက နိုင်ငံအတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှု ထိန်းချုပ်နိုင်ရေးအတွက် ကျန်းမာရေးအစီအမံများ ဆောင်ရွက်လျက်ရှိသည်။

အလားတူ လက်ရှိအချိန်တွင် သွေးလွန်တုပ်ကွေးရောဂါသည် ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် စင်ကာပူ နိုင်ငံတို့တွင်လည်း ဖြစ်ပွားမှုနှုန်း မြင့်တက်လျက်ရှိသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# တရုတ်နိုင်ငံက အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အဆင့်မြှင့်တင်မည်

**ပေကျင်း ဩဂုတ် ၁၇**

တရုတ်နိုင်ငံသည် နိုင်ငံအတွင်းရှိ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း ၄၀၀၀ မှ ၆၀၀၀ ခန့်ကို ဒစ်ဂျစ်တယ်စနစ်ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများအဖြစ် ပြောင်းလဲပြီး နိုင်ငံ၏ ဒစ်ဂျစ်တယ်စီးပွားရေးကို မြှင့်တင်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံအတွင်းရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ဒစ်ဂျစ်တယ်စကြံများအဖြစ် အဆင့်မြှင့်တင်ပြီး နိုင်ငံသားများအား ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများအဖြစ် ရန်ပုံငွေများသုံးစွဲကာ ၂၀၂၂ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ စက်မှုနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့က ပြောကြားသည်။

ယခုဆောင်ရွက်ချက်သည် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ဆန်းသစ်၍ အဆင့်အတန်းမီသည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်သည့် လုပ်ငန်းများဖြစ်စေရေး ဆောင်ရွက်ခြင်းဖြစ်ပြီး စက်မှုလုပ်ငန်းများ ခေတ်မီလာစေရေး ဆောင် ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ ယခု ဒစ်ဂျစ်တယ်စနစ်ဖြင့် လုပ်ငန်းဆောင်ရွက်မည့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို လုပ်ငန်းပေါင်း ၁၀၀ မှ ရွေးချယ်သွားမည်ဖြစ်ပြီး အထည်အလိပ်လုပ်ငန်း၊ ဆေးဝါးလုပ်ငန်းနှင့် မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းများမှ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ယခုဆောင်ရွက်မည့်အစီအစဉ်အရ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး အတွေ့အကြုံရှိသည့် လုပ်ငန်းများကို လုပ်ငန်းဆောင်ရွက်မှုတိုးချဲ့သွားမည်ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ ဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာ တန်ဖိုးသည် ၂၀၂၁ ခုနှစ်တွင် ယွမ် ၄၅ ထရီလီယံ ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၈၀၀၀၀ ကျော် ထပ်မံတွေ့ရှိ

**ဆိုးလ် ဩဂုတ် ၁၇**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၀၈၀၃ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၂၁၆၈၂၈၁၆ ဦး ရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ယနေ့တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် ၅၆၇ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ကျန်ရှိသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

ထို့ပြင် တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၂ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၅၇၅၂ ဦးရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

အဆိုပါကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ အရေအတွက်သည် တောင်ကိုရီးယားနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း၏ သုည ဒသမ ၁၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၈-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၉၀ | ၂၃၃၅ | ၂၃၃၀ | ၂၃၀၀ | ၂၃၃၅ | ၂၃၅၅ | ၂၃၆၅ | ၂၃၂၀ | ၂၄၁၅ | ၂၄၃၀ | ၂၃၂၅ | ၂၃၃၅ | ၂၃၇၀ | ၂၃၇၀ | ၂၃၇၅ | ၂၅၉၅ | ၂၉၃၀ |
| 95 Ron | ၂၃၇၀ | ၂၄၁၅ | ၂၄၁၅ | ၂၃၈၀ | ၂၄၁၅ | ၂၄၃၅ | ၂၄၂၀ | ၂၄၀၀ | ၂၄၉၅ | ၂၅၁၀ | ၂၄၀၅ | ၂၄၂၅ | ၂၄၅၀ | ၂၄၅၀ | ၂၄၅၅ | ၂၆၇၅ | ၂၉၉၅ |
| HSD (500 ppm) | ၂၆၈၅ | ၂၇၃၀ | ၂၇၂၅ | ၂၆၉၀ | ၂၇၃၀ | ၂၇၅၀ | ၂၇၆၅ | ၂၇၁၅ | ၂၈၃၀ | ၂၈၂၅ | ၂၇၂၀ | ၂၇၃၀ | ၂၇၆၅ | ၂၇၆၅ | ၂၇၇၀ | ၂၉၈၅ | ၃၃၆၅ |
| HSD (50 ppm) | ၂၇၆၀ | ၂၈၀၅ | ၂၈၀၅ | ၂၇၇၀ | ၂၈၀၅ | ၂၈၃၀ | ၂၈၂၅ | ၂၇၉၀ | ၂၉၀၅ | ၂၉၀၀ | ၂၈၀၀ | ၂၈၁၀ | ၂၈၄၀ | ၂၈၅၅ | ၂၈၅၅ | ၃၀၆၅ | ၃၄၀၀ |
| HSD (10 ppm) | ၂၇၆၀ | ၂၈၀၅ | ၂၈၀၅ | ၂၇၇၀ | ၂၈၀၅ | ၂၈၃၀ | ၂၈၂၅ | ၂၇၉၀ | ၂၉၀၅ | ၂၉၀၀ | ၂၈၀၀ | ၂၈၁၀ | ၂၈၄၀ | ၂၈၅၅ | ၂၈၅၅ | ၃၀၆၅ | ၃၄၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၈၃ | ၂၂၆၀ |
| 95 Ron | ၂၂၆၀ | ၂၃၃၉ |
| HSD (500 ppm) | ၂၅၆၆ | ၂၆၄၆ |
| HSD (50 ppm) | ၂၆၃၉ | ၂၇၂၁ |
| HSD (10 ppm) | ၂၆၃၉ | ၂၇၂၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၈၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ




## သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှု အစီအစဉ် လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်

နေပြည်တော် ဩဂုတ် ၁၇

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်(၇၉)ကို ဩဂုတ် ၁၉ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာမျှဝေမှုအစီအစဉ်ကို အစီအစဉ်တင်ဆက်သူကျော်ကျော်နှင့် ခိုင်သဇင်ဦးတို့က တင်ဆက်ကြမည်ဖြစ်ပြီး လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဩဂုတ် ၁၉၊ ၂၀ နှင့် ၂၁ ရက်နေ့များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HDမှ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ဂီတစာဆိုမောင်ကြေးမုံ အမှတ်တရ တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

နေပြည်တော် ဩဂုတ် ၁၇

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Live Show တင်ဆက်မှုအဖြစ် ဂီတစာဆိုမောင်ကြေးမုံ အမှတ်တရ တေးဂီတဖျော်ဖြေပွဲ (ပွဲစဉ် - ၁) ကို ဩဂုတ် ၁၉ ရက် သောကြာနေ့ ည ၈ နာရီ ပြည်တွင်းသတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

### သီဆိုဖျော်ဖြေ

ယင်းအစီအစဉ်တွင် The Friends တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နေအောင်၊ လွှမ်းပို၊ လွှမ်းမိုးအောင်၊ ရွှေဖြူ၊ မြတ်နိုးစံ၊ မို့မို့ကျော်လွင်၊ ရတီလင်းလက်၊ ရွှေပန်းချီနှင့် ယွန်းနဒီပိုင်တို့က သီဆိုဖျော်ဖြေကြမည်ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို ဩဂုတ် ၂၁ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




## "(၃၈)ဖြာ မင်္ဂလာအစီအစဉ်" ဆန်းသစ်တင်ဆက်မှု မြန်မာ့ရုပ်မြင်သံကြား၌ ဆက်လက်ပြသမည်

နေပြည်တော် ဩဂုတ် ၁၇

လူငယ်လူရွယ်များနှင့် ကလေးငယ်များ ယဉ်ကျေးလိမ္မာစေရန်နှင့် အသိပညာ ဗဟုသုတ တိုးပွားစေရန်အပြင် ဇာတ်သဘင်ကြိုက်နှစ်သက်ကြသည့် မိဘပြည်သူများအတွက် "(၃၈)ဖြာ မင်္ဂလာအစီအစဉ်" ဆန်းသစ်တင်ဆက်မှုကို မေ ၂၁ ရက်နေ့မှ စတင်၍ အပတ်စဉ်စနေနေ့တိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ည ၈ နာရီသတင်းအပြီးတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါ (၃၈)ဖြာမင်္ဂလာအစီအစဉ်များ အနက် ဘဝတိုးတက်ရေးအတွက် အဆုံးအမများစွာပါဝင်သည့်မဇ္ဇပါနာစသံယမော (သေရည်မျိုးတို့ကို သောက်စားခြင်းမှ ရှောင်ကြဉ်ခြင်း) အစီအစဉ်ကို ဩဂုတ် ၂၀ ရက် စနေနေ့ည ၉ နာရီတွင် ဆက်လက်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်တွင် ရွှေနန်းတင်မျိုးဆက် သဘင်ပညာရှင် ဦးနန်းဝင်းက ရေးသားပူဇော်ပြီး ရန်ကုန်ရူပတေးဂီတအဖွဲ့၏တီးခတ်မှုနှင့်အတူ နန်းဝင်း (ရွှေနန်းသဘင်) အကယ်ဒမီ မေသဥ္ဇာဦးတို့ ဦးဆောင်ပြီး ရန်ရှင်းမောင်၊ ထက်မြတ်အောင်၊ ပန်းကဗျာနှင့် သဘင်ပညာရှင်များ၊ အနုပညာရှင်များက ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

ဩဂုတ် ၂၄ ရက် ဗုဒ္ဓဟူးနေ့ ညနေ ၆ နာရီ သတင်းအပြီးတွင် ထိုသို့တင်ဆက်မှုကို ပြန်လည် ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

**✻ CDM မှ**

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများကို ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများကို စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများကို ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# စစ်ကိုင်းမြို့ တကောင်းရပ်ကွက် ရောဝတီတံတား (ရတနာပုံ)စစ်ဆေးရေးဂိတ်၌ PDF အမည်ခံ အကြမ်းဖက်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ခရီးသည် နှစ်ဦး သေဆုံး၊ ငါးဦး ဒဏ်ရာရရှိ

**နေပြည်တော် ဩဂုတ် ၁၇**

စစ်ကိုင်း တိုင်းဒေသကြီး စစ်ကိုင်းမြို့ တကောင်းရပ်ကွက် ရောဝတီတံတား (ရတနာပုံ) စစ်ဆေးရေးဂိတ်၌ လုံခြုံရေး ဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များသည် အများပြည်သူလုံခြုံရေးအတွက် လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိစဉ် ယနေ့နံနက် ၈ နာရီ ၂၅ မိနစ်ခန့်တွင် ရန်ကုန်-မုံရွာ ပြေးဆွဲလျက်ရှိသည့် အာကာသခရီးသည်တင်ယာဉ်(Express) တစ်စီးအား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါယာဉ်ပေါ်တွင် လိုက်ပါလာသည့် PDF အမည်ခံ အကြမ်းဖက်သမားသုံးဦးက လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထို့အပြင် ၎င်း PDF အမည်ခံ အကြမ်းဖက်သမားသုံးဦးက ခရီးသည်အချို့ကို ဆက်လက်ပစ်ခတ်ခြင်း၊ ခရီးသည်များကို ဓားစာခံလုပ် အကာအကွယ်ယူပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်ခတ်ခြင်းဆောင်ရွက်ခဲ့သည်။


**ဖမ်းဆီးရမိ**

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ခရီးသည်များကို ဓားစာခံလုပ် လူသားတံတိုင်းသဖွယ် အကာအကွယ်ယူ ပစ်ခတ်နေသည့် အကြမ်းဖက်သမားများကို တိကျစွာ ချိန်ရွယ်ပစ်ခတ်ဖမ်းဆီးခဲ့သဖြင့် PDF အမည်ခံအကြမ်းဖက်သမားနှစ်ဦးကို အသေဖမ်းဆီးရမိပြီး တစ်ဦးကို အရှင်ဖမ်းဆီးရမိခဲ့ကာ ပစ္စတိုသုံးလက် သိမ်းဆည်းရမိခဲ့သည်။ ဖြစ်စဉ်တွင် ခရီးသည် အမျိုးသား တစ်ဦး သေဆုံးခဲ့ပြီး အမျိုးသမီး တစ်ဦးမှာ PDF အမည်ခံ အကြမ်းဖက်သမားများ၏ လူသားတံတိုင်းသဖွယ် ရှေ့ကကာ၍ ဖမ်းဆီးအကာအကွယ်ယူခဲ့မှုကြောင့် လက်ယာဘက်ခြေသလုံး ထိမှန်ဒဏ်ရာဖြင့် ထိတ်လန့်ရှော့ဖြစ်ကာ သေဆုံးခဲ့ပြီး ခရီးသည် ငါးဦး (မစိုးရိမ်ရ) ဒဏ်ရာရရှိခဲ့သည်။

အရှင်ဖမ်းဆီးရမိခဲ့သည့် PDF အမည်ခံ အကြမ်းဖက်တစ်ဦးကို အသေးစိတ် စစ်ဆေးခဲ့ရာ ကားပေါ်၌ သိုဝှက်သယ်ဆောင်လာသော ချေမှုန်းရေးရိုင်ဖယ်အမျိုးအစား (သေနတ်အသစ်) သုံးလက်နှင့် ခဲယမ်းများ ထပ်မံဖမ်းဆီးရမိခဲ့သည်။

PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ယခုအချိန်တွင် ပြည်သူလူထု ခရီးသွားလာနေသည့် ခရီးသည်တင်ကားများကို အကာအကွယ်ရယူ ဓားစာခံပြုလုပ်၍ ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လာကြောင်း၊ ယခုရက်သတ္တပတ်အတွင်း Elite ခရီးသည်တင်ကားကို အကြမ်းဖက်တိုက်ခိုက်ဖမ်းဆီးလုပ်ဆောင်ခြင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌လည်း YBS ခရီးသည်ယာဉ်များကို တိုက်ခိုက်ခြင်းများ ပြုလုပ်လျက်ရှိကြောင်း၊ ထို့ကြောင့် ခရီးသွားပြည်သူလူထု၊ ယာဉ်လိုင်းများအနေဖြင့် မသင်္ကာဖွယ်ရာများ တွေ့ရှိရပါက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းအဖွဲ့အစည်းများအနေဖြင့်လည်း NUG၊ PDF အမည်ခံ အကြမ်းဖက်သမားများ၏ ခရီးသည်တင်ယာဉ်လိုင်းများကို တိုက်ခိုက်မှု၊ ဓားစာခံလုပ်မှု၊ လူသားတံတိုင်းသဖွယ် အသုံးချနေမှုများကို သိရှိရန်နှင့် အကြမ်းဖက်လုပ်ရပ်များကိုအားမပေးရန်လိုကြောင်း သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**










PDF အမည်ခံ အကြမ်းဖက်သမားများ လိုက်ပါလာသည့် ခရီးသည်တင်ယာဉ်နှင့် ဖမ်းဆီးရမိသည့် လက်နက်၊ ခဲယမ်းများကို တွေ့ရစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကိုဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၁၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် ရေဖြူကျေးရွာနေ ညီမောင်ထွေးသည် ၎င်းအသုံးပြုသည့် “Nyi Mg Htwe” Facebook အကောင့်၊ ချောင်းဆုံမြို့နယ် ကညော်ကျေးရွာနေ ခင်နွယ်ဦး(ခ) မော်ဒယ်သည် ၎င်းအသုံးပြုသည့် “Khin New Oo” Facebook အကောင့်၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ (၁)ရပ်ကွက် မယ်ဇလီပင်စုရပ်နေ မျိုးလွင်ဦး(ခ) ဗိုလ်ရွှေခြံသည် ၎င်းအသုံးပြုသည့် “Myo Lwin Oo” Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် အလယ်စုကျေးရွာနေ ထွေးဝင်းအောင်(ခ)ကိုထွေးသည် ၎င်းအသုံးပြုသည့် “Htwe Win Aung” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ရွာဘဲရပ်ကွက်နေ လရိပ်မင်းသည် ၎င်းအသုံးပြုသည့် “Layeik Min” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် လင်း/မြောက်ရပ်ကွက်နေ အောင်သူရ(ခ)ဖိုးသားသည် ၎င်းအသုံးပြုသည့် “Phoe Thar” Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သမိုင်းဝင်မင်းလှခံတပ်

**မင်းသက်တင်**

မြန်မာ့သမိုင်းတွင် ထင်ရှားခဲ့သည့် သမိုင်းဝင်အထင်ကရအဖြစ် မင်းလှခံတပ်ကြီးက မော်ကွန်းဝင်လျက်ရှိသည်။

မင်းလှမြို့ဆိုသည်မှာ အမည်ကလည်း လှသည့်အပြင် တန်ဖိုးကြီးမားသည့်မြို့ဟု ဆိုရပေမည်။ မင်းလှမြို့တွင်ရှိကြသည့် အဘိုးအဘွားတိုင်းရင်းသားသွေးချင်းတို့က နိုင်ငံအတွက် များစွာကျေးဇူးပြုခဲ့ကြ၍လည်းဖြစ်သည်။

မြန်မာနိုင်ငံတွင် မင်းလှမြို့ဟူ၍ နှစ်မြို့ရှိသည်။ သာယာဝတီခရိုင် မင်းလှမြို့ကို အောက်မင်းလှမြို့ဟု ခေါ်ဆိုပြီး မကွေးခရိုင် မင်းလှမြို့ကိုဖြင့် အထက်မင်းလှမြို့ဟု ခေါ်ဆိုကြသည်။

အဆိုပါ အထက်မင်းလှမြို့သည် မြေနုကျွန်းလေးကစတင်ခဲ့ခြင်းဖြစ်သည်။ ကိုရွှေဝနှင့် မမင်းလှဟုခေါ်သည့် ရေလုပ်သားဇနီးမောင်နှံတို့ နေထိုင်သည့် ကျွန်းလေးဖြစ်သည့်အတွက် 'မမင်းလှကျွန်း' ဟုခေါ်ဆိုခဲ့ကြရာမှ ကျွန်းနှင့်ကမ်းစပ်က ဆက်သွားသည့်အခါတွင် 'မင်းလှရွာ' ဟု အမည်တွင်လာခဲ့ရခြင်းဖြစ်သည်။

မင်းလှမြို့နေရာမှာ ၁၈၅၄ ခုနှစ်တွင် မြို့တည်ခဲ့သည်ဟုသိရသည်။

အင်္ဂလိပ်-မြန်မာဒုတိယစစ်ပွဲအပြီးတွင် အောက်မြန်မာပြည်ကို အင်္ဂလိပ်တို့က သိမ်းပိုက်လိုက်သည်။ ထိုအချိန်တွင် အာမေနီးယန်းလူမျိုး မက္ကတစ်ဆိုသူက အင်္ဂလိပ်တို့လက်အောက်တွင်မနေလိုခြင်းကြောင့် မြန်မာဘက်သို့ကူးလာပြီး မင်းလှမြို့နေရာတွင် မြို့တည်ခဲ့ခြင်းဖြစ်သည်။ အင်္ဂလိပ်လက်အောက်တွင် မနေလိုကြသည့် မျိုးချစ်မြန်မာများကလည်း တစ်ပါတည်းလိုက်ပါလာကြသဖြင့် မြို့ကလေးမှာ စည်ကားလာတော့သည်။

ထို့နောက် နယ်ချဲ့အင်္ဂလိပ်တို့က အထက်မြန်မာပြည်ကို နယ်ချဲ့ရန်အတွက် ရန်ပြုလာမှုများက ဆက်လက်၍ တစ်စထက်တစ်စ ပိုမိုကြီးထွားလာခဲ့သည်။

၁၈၆၁ ခုနှစ်တွင် နယ်ချဲ့အင်္ဂလိပ်တို့ရန်ကို တန်ပြန်ခုခံနိုင်ရန်အတွက် မင်းလှမြို့ ကမ်းနဖူးတွင် ခံတပ်ကြီးတစ်ခု စတင်ဆောက်လုပ်ခဲ့ရာ ၁၈၆၄ ခုနှစ်တွင်ပြီးစီးခဲ့သည်။

ယင်းခံတပ်ကြီးကို မြန်မာဘုရင်မင်းမြတ်ထံတွင် အမှုထမ်းသည့် ပြင်သစ်ဗိသုကာတစ်ဦးနှင့် အီတလီဗိသုကာတစ်ဦးတို့အပါအဝင် မြန်မာပန်းရန်များ၊ လက်သမားများက တည်ဆောက်ခဲ့ကြခြင်းဖြစ်သည်။



မင်းလှမြို့ခံတပ်နှင့် တစ်ဖက်ကမ်းရှိ ဂွေးချောင်းခံတပ်အပါအဝင် ခံတပ်နှစ်ခုအတွက် ထိုခေတ်အခါကမြန်မာငွေ ဒေါင်းဒင်္ဂါး ခုနစ်သိန်း ကုန်ကျခဲ့ကြောင်း သိရသည်။

မင်းလှခံတပ်ကြီးသည် အလျား ၁၇၃ ပေ ၇ လက်မ၊ အပြင်အနံ ၁၃၁ ပေ ၄ လက်မရှိပြီး နံရံဒုမှာ ၁၇ ပေ ၃ လက်မရှိသည့် လေးထောင့်ညီခံတပ်ကြီးအဖြစ် တည်ဆောက်ထားခြင်းဖြစ်သည်။

ခံတပ်ကြီး၏ အပေါ်ထပ်တွင် စစ်သားများအတွက် သူရဲခိုများနှင့် စကြံများရှိသည်။ တံတိုင်းလည်းရှိသည်။ အမြောက်စင်လည်း ပါရှိသည်။ ထိုခေတ်ထိုအချိန်က ခေတ်အမီဆုံးခံတပ်ကြီးတစ်ခု ဖြစ်ခဲ့သည်။

၁၈၈၅ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲဖြစ်ပွားခဲ့ရသည်။ မြန်မာနိုင်ငံတွင် အင်္ဂလိပ်-မြန်မာစစ်ပွဲတို့၏ နောက်ဆုံးစစ်ပွဲလည်းဖြစ်သည်။ ထိုအချိန်တွင် နယ်ချဲ့အင်္ဂလိပ်တို့၏ စစ်အင်အားမှာ ကြီးမားသည်ဟု အကြောင်းပြချက်ဖြင့် မခုခံကြရန် မန္တလေးနေပြည်တော်လွှတ်တော်က အမိန့်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

မည်သို့ပင်ဖြစ်စေ နယ်ချဲ့အင်္ဂလိပ်လူမျိုးခြားတို့၏ ရန်ပြုနယ်ချဲ့လာမှုကို တွန်းလှန်တိုက်ခိုက်လိုစိတ်၊ အနိုင်မခံလိုသည့်စိတ်၊ အလွယ်တကူဖြင့် အရှုံးမပေးလိုသည့် မြန်မာတိုင်းရင်းသားတို့၏ မျိုးချစ်စိတ်တို့ကို တားဆီးမရနိုင်ဖြစ်ရကာ ဇာတိသွေးဇာတိမာန်တက်ကြွနေကြသည့် မြန်မာသွေးချင်းတို့က မင်းလှခံတပ်ကြီးမှနေ၍ ရန်သူနယ်ချဲ့ကို ခုခံတွန်းလှန်တိုက်ထုတ်ခဲ့ကြကြောင်း သမိုင်းမှတ်တမ်းဝင်ခဲ့သည်။

၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် မြစ်ဝတစ်လျှောက် စစ်ချီလာသည့် ဗိုလ်ချုပ်ပရင်ဒါဂတ်ကွပ်ကဲသည့် အင်္ဂလိပ်စစ်တပ်ကို မင်းလှခံတပ်မှနေ၍ ရွပ်ရွပ်ချွံချွံခုခံတိုက်ခိုက်ကြသည်ဖြစ်ရာ နယ်ချဲ့အင်္ဂလိပ်စစ်ဗိုလ်များပါ ကျဆုံးခဲ့ကြရသဖြင့် ယခုတိုင် ယင်းစစ်သည်တို့၏သင်္ချိုင်းများရှိနေသေးသည်။

မင်းလှခံတပ်ကြီးသည် မြန်မာ့သမိုင်းမှတ်တမ်းဝင် ခံတပ်ကြီးအဖြစ် ယနေ့တိုင် ထင်ရှားလျက်ရှိသည်ဖြစ်ရာ မြန်မာ့သွေးချင်းများ၏ မြန်မာတို့၏ ဇာတိသွေး ဇာတိမာန်ကိုဖွင့်ဆိုခဲ့ရာ အထင်ကရမှတ်တိုင်တစ်ခုလည်းဖြစ်ပေသည်။

သို့ဖြစ်၍ မင်းလှမြို့ကို နယ်ချဲ့ဆန့်ကျင်ရေးတွင် ရွပ်ရွပ်ချွံချွံတိုက်ပွဲဝင်ခဲ့သည့်မြို့အဖြစ် ဂုဏ်ပြုမှတ်တမ်းတင်ရမည်လည်းဖြစ်သည်။ ထိုခေတ်ထိုအချိန်ကာလက မင်းလှမြို့သူမြို့သားအဘိုးအဘွားများ၏ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်မှု၊ မြန်မာ့လွတ်လပ်ရေးကိုထိန်းသိမ်းရန်အတွက် အသက်ပေးလှူခဲ့ကြသည့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို တိုင်းရင်းသားသွေးချင်းတို့၏ တန်ဖိုးမဖြတ်နိုင်သည့် သမိုင်းအမွေအနှစ်တစ်ခုအဖြစ် မှတ်တမ်းပြု ဖော်ပြလိုက်ရပါသည်။ ။

# တိုင်းရင်းသားရိုးရာစကားထာဉာဏ်စမ်းများ

**တက္ကသိုလ်သျှင်ရတနာ**

## မွန်-ကရင်စကားထာ

ရေးလွန်လေပြီးသောအခါက ရာမညတိုင်းရှိ ကျေးလက်တောရွာတစ်ရွာတွင် ဗညားနှင့် လဂွန်းအိမ်တို့ သူငယ်ချင်းနှစ်ဦးရှိပြီး ရွာဦးကျောင်းတွင် ကျောင်းအိပ်ကျောင်းစားဖြင့် ပညာသင်ယူနေကြသူများဖြစ်သည်။

သူတို့သည် မွန်တိုင်းရင်းသားများဖြစ်ကြသည်။ လိမ္မာရေးခြားရှိသူများဖြစ်ကာ ကျောင်းထိုင်ဆရာတော်ကြီး၏ဆုံးမသွန်သင်မှုများကို တစ်သဝေမတိမ်းလိုက်နာလျက် ပညာကိုကြိုးစားသင်ယူကြသူများဖြစ်သည်။

ရွာဦးကျောင်းဆရာတော်ကြီးသည် မွန်အမျိုးသားဆရာတော်ကြီးဖြစ်သဖြင့် မွန်စာပေနှင့်ဓလေ့ရိုးရာများ၊ မွန်တိုင်းရင်းသားယဉ်ကျေးမှု၊ မွန်ရိုးရာသမိုင်းကြောင်းတို့နှင့် တိုင်းရင်းသားသွေးချင်းတို့၏ ပုံပြင်၊ စကားပုံ၊ ဝတ္ထု၊ ကဗျာ၊ တိုင်းရင်းသားရိုးရာစကားထာဉာဏ်စမ်းများကို သင်ကြားပို့ချရာတွင် အလွန်ထင်ရှားလှပေသည်။

ဗညားနှင့် လဂွန်းအိမ်တို့မှာလည်း တိုင်းရင်းသားသွေးချင်းတို့၏ စကားထာဉာဏ်စမ်းများကို အလွန်နှစ်သက်ကြသူများဖြစ်ရာ အားလပ်ချိန်များတွင် အချင်းချင်းဉာဏ်စမ်းရင်း ဆော့ကစားလေ့ရှိသည်။

"ဗညားရေ မင်းအဆင်သင့်ဖြစ်ရင် ကစားကြရမယ်"

"ကောင်းပြီလေ၊ ဉာဏ်စမ်းတွေ မေးချင်နေပြီလား"

"အေးလေ၊ မေးချင်နေပြီကွ"

"မေးချင်ရင်လည်း မေးတော့လေ၊ သူငယ်ချင်းလဂွန်းအိမ်ရာ"

ဘုန်းကြီးကျောင်း၏တောင်ဘက် မန်ကျည်းပင်ကြီးအောက်ရှိ မြက်ခင်းစိမ်းစိမ်းများပေါ်တွင် လဲလျောင်းရင်း ဗညားက ပြန်ပြောလိုက်သည်။

"မေးပြီနော်၊ 'လူမတီးဘဲမြည်' ဆိုတာ ဘာကိုပြောတာလဲ"

"မင်းမေးခွန်းက ဘာကြီးလဲကွာ၊ လူမတီးဘဲမြည်တယ်ဆိုတော့"

"ဗညားရေ မဖြေနိုင်ရင်ပန်းပေးလေ၊ အဖြေက ရှိပြီးသားနော်"

လဂွန်းအိမ်၏စကားအဆုံးတွင် ဗညားတစ်ယောက် ထပ်မံစဉ်းစားရင်း ခေါင်းကုတ်နေသည်။

"မြန်မြန်ဖြေနော် အချိန်စေ့တော့မယ်။ တိုင်းရင်းသားရိုးရာစကားထာဉာဏ်စမ်းတွေထဲကပဲ သူငယ်ချင်းရေ မင်းကိုအောက်လိုင်းပေးလိုက်ပြီနော်"

"သိသွားပါပြီ သိသွားပါပြီ။ မွန်-ကရင် တိုင်းရင်းသားစကားထာဉာဏ်စမ်းထဲကမဟုတ်လား။ အဖြေကတော့ 'မိုးကြိုး' ပါတဲ့ဗျာ။ မိုးရွာတဲ့အခါ မိုးကြိုးပစ်တတ်တာကိုပြောတာ၊ မိုးကြိုးပစ်တဲ့အသံဟာ အလိုအလျောက်ထွက်ပေါ်လာတာလေ ဟုတ်တယ်ဟုတ်"

ဗညားတစ်ယောက် ရယ်ကာမောကာဖြင့် အဖြေကိုပြောလိုက်သည်။

"မှန်ပါ့ကွာ၊ မှန်ပါ့။ ဒီတစ်ခါလည်း ငါပဲဆက်မေးဦးမယ် သူငယ်ချင်းရာ"

"မေးပါကွာ မေးပါ"

"လူမကြဲဘဲ ပွင့်တဲ့အပွင့်က ဘာလဲဖြေပါဦး"

ဗညားက ကောင်းကင်ပြာကြီးကို ငေးမောစဉ်းစားပြီး ဖြည်းဖြည်းချင်းဆက်ပြောသည်။

"ငါ ဒီအဖြေကိုမပေးခင် သူငယ်ချင်းကိုလည်း မေးပါရစေဦး လဂွန်းအိမ်ရာ"

"ရတာပေါ့။ ရပါတယ်ဗျာ၊ မေးပါဗျား မေးပါ"

"မေးပြီနော်။ 'ပန်းတစ်ပွင့်နဲ့တစ်ကမ္ဘာလုံးလင်း' ဆိုတာ ဘာကိုဆိုလိုတာလဲ"

"အေးပါဗညားရာ၊ မင်းရဲ့ မေးခွန်းကို ငါဖြေနိုင်မှာပါ။ စောစောတုန်းက သူငယ်ချင်းကို ငါမေးထားတာလေးလည်း ဖြေပါဦးနော်"

လဂွန်းအိမ်က သူမေးထားသည့် စကားထာဉာဏ်စမ်းကို ဗညားတစ်ယောက် မဖြေနိုင်တော့ဘူးဟု အထင်ရှိနေသဖြင့် ပြုံးထေ့ထေ့ဖြင့် ပြန်ပြောလိုက်ခြင်းဖြစ်သည်။

"ရပါတယ် လဂွန်းအိမ်ရာ။ မင်းမေးထားတာကို ငါဖြေပြရမှာပေါ့။ ဘာတဲ့ မင်းမေးထားတာက 'လူမကြဲဘဲ ပွင့်တဲ့အပွင့်က ဘာလဲ' ဆိုတာရဲ့ အဖြေက 'ကြယ်ပွင့်' ပေါ့။ ကောင်းကင်ကကြယ်ပွင့်တွေဟာ သဘာဝအတိုင်းရှိနေတာ လူတွေဖန်ဆင်းလို့ရတာမဟုတ်ဘူးလေ သူငယ်ချင်းရာ"

လဂွန်းအိမ်တစ်ယောက် ပါးစပ်အဟောင်းသားဖြစ်သွားသည်။ မွန်-ကရင်စကားထာဖြစ်ကြောင်းလည်း ဗညားကထပ်ဆင့်ပြောလိုက်သေးသည်။

"တော်လိုက်တာ သူငယ်ချင်းဗညားရာ။ ငါဖြေရမယ့်အလှည့်ပေါ့။ မေးထားတဲ့မေးခွန်းက 'ပန်းတစ်ပွင့်နဲ့တစ်ကမ္ဘာလုံးလင်း' ဆိုတာကို အဖြေကလည်း ရပြီးသားပါ။ အဖြေပြောမယ်နော် 'လမင်း' ပါတဲ့ဗျာ၊ လသာတဲ့ရက်တွေမှာဆိုရင် ဖိုးလမင်းဆိုတဲ့ပန်းတစ်ပွင့်တည်းနဲ့ တစ်ကမ္ဘာလုံးလင်းထိန်နေတာကို တင်စားထားတာပေါ့ကွာ။ အဲဒါလည်း မွန်-ကရင်တိုင်းရင်းသားရိုးရာ စကားထာဉာဏ်စမ်းထဲကပါပဲ"

"မင်းကလည်း တော်ပါပေတယ် လဂွန်းအိမ်ရာ၊ မညံ့ပါဘူးကွာ"

ပြောပြောဆိုဆိုနှင့် ဗညားနှင့် လဂွန်းအိမ်တို့ သူငယ်ချင်းနှစ်ဦး ကျေနပ်နှစ်သက်သဘောကျစွာဖြင့် ရယ်မောနေကြစဉ် ဘုန်းတော်ကြီးကျောင်းမှ နာရီသံချောင်းခေါက်သံနှစ်ချက် ထွက်ပေါ်လာရာ နှစ်ဦးသား ဘုန်းကြီးကျောင်းပေါ်သို့ အပြေးတစ်ပိုင်းတက်သွားကြတော့သည်။ ။

ဝတ္ထုတို

# ရှေးရေစက်

ကောင်းစစ်လင်း



ရန်ကုန်တက္ကသိုလ်တွင် သမီးမာစတာတက်ဖြစ်၍ မုန်းနှင့်ကျွန်တော် ပြန်လည်ဆုံတွေ့ခွင့် ရခဲ့သည်။ “ခင်မိမိမုန်း”ဟု အမည်တွင်သည့် မော်လမြိုင်သူ ဥစ္စာပေါ်ရုပ်ချော အင်္ဂလိပ်စာမေဂျာကွင်းအဖြစ် ထင်ရှားခဲ့သည့် တက္ကသိုလ် ကျောင်းသူတစ်ဦးက ပါမောက္ခချုပ် အဖြစ် မြကျွန်းညိုမြေကို ပြန်လည်ခြေချလာပြီ မဟုတ်ပါလား။

“မုန်း ပြောသားပဲ တစ်ချိန်ချိန်မှာတော့ အမိတက္ကသိုလ်ကိုပြန်လည်ခြေချဖြစ်မှာပါလို့လေ” ရန်ကုန်တက္ကသိုလ်နယ်မြေမှာ မုန်းနှင့် ပြန်တွေ့စဉ်က တွေ့တွေ့ချင်းပင် မုန်းပြောခဲ့သည့် စကား။ “ကိုရေ မုန်းတို့ဂျပ်ဆင်ကြီးကို အရင်ဆုံးကြည့်ပြီးနှုတ်ဆက်ချင်တယ်” “သွားမယ်လေ၊ မုန်းသွားချင်ရင် လိုက်ပို့မှာပေ့ါ”

ကျွန်တော်နှင့်မုန်း ဂျပ်ဆင်ရှေ့က မြက်ခင်းပြင်မှာ အချိန်အတော်အတန်ကြာသည်အထိ ရှိနေဖြစ်သည်။ ဂျပ်ဆင်ကြီးကတော့ ကျွန်တော်တို့ကို ပြုံးကြည့်နေသယောင်။ နှစ်ပေါင်းများစွာ ဝေးကွာနေခဲ့ရပေမယ့်လည်း ယနေ့ထိတိုင် နွေးထွေးမှုကို ပေးစွမ်းနေဆဲပင်။

“ဂျပ်ဆင်ထိပ်က လရိပ်ပြာ သီချင်းလေး မဆိုတော့ဘူးလားကို” “မုန်းရယ်- ခုချိန်ထိတိုင် သတိတရရှိနေသေးတာကိုက မုန်းကိုကျေးဇူးတင်ပါတယ်”

“ဒီနေရာလေးကို ဘယ်တော့မှ ပြန်မရောက်နိုင်တော့ဘူးလို့ ထင်ထားတာ။ မထင်မှတ်ဘဲ ခုလို ပြန်ရောက်လာရတော့လည်း ကိုနဲ့အတူတူဖြစ်နေတော့ ကျေနပ်မိတာတော့ အမှန်ပဲ သိလား”

ကျွန်တော်ဘာသာ နှုတ်ဆိတ်နေမိသည်။ မုန်းကတော့ ရွှင်လန်းတက်ကြွနေ၏။ “ကလင် ကလင် ကလင်” “ပြောသမီးပြော ဖေဖေနဲ့ မုန်းတို့ ဂျပ်ဆင်ရှေ့မှာ ရှိတယ်” “သမီးလား လာချင်ရင် ခေါ် လိုက်လေ အင်းလျားဘက် သွားကြတာပေ့ါ”

မုန်းက အလိုက်တသိပြောရှာသည်။ သမီးကလည်း အင်းလျားမှာပဲစောင့်နေတော့မည်ဟု ပြောပြီးသား ဖြစ်သည်။ အင်းလျားရောက်တော့ မိုးဖွဲကလေးများရွာနေသည်။ ကန်ရေပြင်တို့က မိုးနှင့်လေအဝှေ့မှာ လှိုင်းကြက်ခွပ်ကလေးများဖြစ်ပေါ်လာရသည်။

ကျွန်တော့်ရင်သို့လည်း လှိုင်းကြက်ခွပ်ကလေးများက ကူးစပ်လာလေ၏။ “ဖေဖေ ကြိုက်တဲ့ ဘူးသီးကြော်တန်ပူရာမှာထားတယ်။ အန်တီရော ဘာစားချင်လဲ၊ ဘာမှာပေးရမလဲ”၊ “ရပါပြီ သမီးရယ်၊ ဘူးသီးကြော်တန်ပူရာကို အန်တီလည်း ကြိုက်ပါတယ်”

အင်းလျားကန်စပ်က ဘူးသီးကြော်ဆိုင်ထဲကို ဝင်လာလာချင်းမှာပင် သမီးက ပြောလာရာ မုန်းကလည်း အလိုက်သင့်ပြန်ပြောလိုက်ခြင်းဖြစ်သည်။

တကယ်က ဘူးသီးကြော်တန်ပူရာကို မုန်းကနှစ်သက်သူဖြစ်သည်။ မုန်းက ကြိုက်တတ်သည်ဆို၍သာ ဟိုးယခင်ကာလများဆီကတည်းက ကျွန်တော်လည်း လိုက်စားနေမိခြင်းသာ။ နောက်ပိုင်းတွင် မုန်းနှင့်ကျွန်တော် ဝေးကွာသွားသည့်ကာလများအထိ အင်းလျားကိုရောက်တိုင်း ထိုင်နေကျဆိုင်၊ ထိုင်နေကျစားပွဲမှာဝင်ထိုင်ရင်း ဘူးသီးကြော်တန်ပူရာကို မှာစားနေကျဖြစ်၍သာ သမီးက ကျွန်တော် ကြိုက်နှစ်သက်သည်ဟု ယူဆနေခြင်းဖြစ်သည်။

“သမီးက မဟာတန်းတက်နေတာနော်၊ အဆင်ပြေရဲ့လား”

“ဟုတ်ကဲ့၊ ပြေပါတယ် အန်တီ၊ အန်တီကိုလည်း အိမ်လည်ခေါ်ရဦးမယ်၊ သမီးချက်တဲ့ ဟင်းတွေနဲ့ ကျွေးချင်သေးတာ”

“ဟယ်- သမီးလေးက တော်တာပေ့ါ။ ဟင်းချက်တတ်တယ်ဆိုတော့လေ။ သမီးဖေဖေကိုကော ဘာတွေ ချက်ကျွေးဖြစ်လဲ စပ်စုလိုက်ဦးမယ်”

မုန်းနှင့်သမီးတို့ ပြောနေသည်များကို ကျွန်တော်က မသိဟန်ဆောင်ကာ အင်းလျားရေပြင်ကျယ်ကိုသာ ငေးနေလိုက်သည်။

“ဟုတ်လား၊ သမီးဖေဖေက ကံကောင်းတာပေ့ါ။ လိမ္မာတဲ့သမီးလေးတစ်ယောက် ရထားတာ ကံကောင်းတာပေ့ါကွယ်။ မိဘကိုဂရုစိုက်တဲ့ သားသမီးဟာ အစစအရာရာမှာအောင်မြင်တယ် ကွယ့်။ သမီးလေးက လိမ္မာလိုက်တာ”

“အန်တီက မသိလို့၊ ဖေဖေက ဟင်းဆိုလည်း သူကြိုက်တာမှ စားတာ။ မကြိုက်ရင် ဘာမှတော့ မပြောပေမယ့် သိပ်မစားဘူးလေ။ အဲဒါကြောင့် ဖေဖေ့အကြိုက်ကို မှတ်ထားပြီး အချိန်ဇယားနဲ့ကို ချက်ကျွေးနေတာပါ အန်တီ”

“သမီးရယ် ဘာတွေလျှောက်ပြောနေတာလဲ”

“ပြောပါစေ၊ အဖေတစ်ခု သမီးတစ်ခု ဆိုတော့လည်း သမီးကရင်ဖွင့်ချင်တာတွေ ခုမှဖွင့်ရတာလေ။ နောက်လည်း သမီးလေး ပြောစရာရှိရင် အန်တီကို ပွင့်ပွင့်လင်းလင်းပြောနော်၊ အားမနာနဲ့”

မုန်းနှင့်သမီးတို့က စကားပြောရင်း အပေးအယူ မျှနေကြသည်။ ကျွန်တော်သည်ပင်ဘေးရောက်နေသယောင်ဖြစ်ပေမယ့် ကျေနပ်နေမိသည်။ မိသားစုဝိုင်းလေးအဖြစ် ရင်မှာခံစားရသည်။ တစ်ချိန်ချိန်တွင် မိသားစုဘဝမျိုးဖြစ်လာနိုင်လေမည်လား ဟူသည့် စိတ်ကူးယဉ်အတွေးဖြင့်ပင် နှစ်သိမ့်နေမိသည်။ သမီးအနေဖြင့် လက်ခံနိုင်ပါမည်လား၊ ခါးခါးသီးသီး ငြင်းချက်ထုတ်လေမည်လား မဝေခွဲတတ်ဖြစ်ရသည်။

ဂျပ်ဆင်ကြီးကိုသာ အသက်ရှင်နေသ၍ တိုင်တည်ရပေဦးတော့မည်။

မည်သို့ပင်ဖြစ်စေ မုန်းနှင့်ကျွန်တော် အဓိပတိလမ်းတွင်အတူလျှောက်လှမ်းနေနိုင်ပြီး တွေ့နေနိုင်သေးသည်ကိုက ရှေးဘဝကရေစက်ပင် ဖြစ်ပေတော့သည်။ ။

# ဆလုံတိုင်းရင်းသားလူမှုဘဝ

မနုဿဝင်းမော်

### သက်မွေးဝမ်းကျောင်းလုပ်ငန်း

ဆလုံတိုင်းရင်းသားသွေးချင်းတို့၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ ပင်လယ်အတွင်း ငါးဖမ်းခြင်းနှင့် ရေငုပ်ခြင်းမှ ရရှိသော ရေထွက်ပစ္စည်းများကို ရောင်းချသောလုပ်ငန်းဖြစ်ပြီး ဆလုံတိုင်းရင်းသားတို့၏ အဓိကစီးပွားရေးလုပ်ငန်းလည်းဖြစ်သည်။

### အဓိကစီးပွား ရေးလုပ်ငန်းများဖြစ်

ဆလုံတိုင်းရင်းသားသွေးချင်းတို့သည် ပင်လယ်ထဲတွင် မွေးစကတည်းကပင် ကျင်လည်သူများဖြစ်သဖြင့် အသက်မွေးလမ်းကျောင်းလုပ်ငန်းအဖြစ် ငါးဖမ်းခြင်း၊ ပင်လယ်မျှော့ဖမ်းခြင်း၊ ခရင်းခွာခြင်း၊ စေတီခရုရှာခြင်း၊ ကမာငုပ်ခြင်း၊ ပင်လယ်ပက်ကျိရှာခြင်း၊ ငှက်သိုက်ရှာခြင်းတို့ကို လုပ်ကိုင်ကြပြီး ဆလုံတိုင်းရင်းသားတို့၏ အဓိကစီးပွားရေးလုပ်ငန်းများဖြစ်ကြောင်း သိရသည်။

ဆလုံတိုင်းရင်းသားတို့သည် ရေငုပ်သည့်အတတ်ပညာကိုလည်း ကျွမ်းကျင်ကြသည်ဖြစ်ရာ ပင်လယ်အနှံ့အပြား တစ်နေရာမှ တစ်နေရာသို့ လှည့်လည်သွားလာကြပြီး မုတ်ကောင်များနှင့် ငှက်သိုက်များကို အခက်အခဲအမျိုးမျိုးကြားမှ ရှာဖွေစုဆောင်းကြပြီး မလေးရှား၊ တရုတ်နိုင်ငံများသို့ ရောင်းချသည့် လုပ်ငန်းကိုလည်း စီးပွားရေးတစ်ခုအဖြစ် ယနေ့တိုင်လုပ်ကိုင်လျက်ရှိသည်။

ပင်လယ်မျှော့ဖမ်းသည့်လုပ်ငန်းမှာ ဆလုံတိုင်းရင်းသားသွေးချင်းတို့၏ အဓိကစီးပွားရေးလုပ်ငန်းတစ်ခုပင် ဖြစ်သည်။

ပင်လယ်မျှော့ဆိုရာတွင်လည်း ပင်လယ်မျှော့ဖြူ၊ မျှော့နီ၊ နုန်းမျှော့၊ ဝက်မျှော့နှင့် ကင်းမျှော့ဟူ၍ အမျိုးမျိုးရှိကြောင်း သိရသည်။ မျှော့ဖြူ၏ ကိုယ်ပေါ်တွင် အမည်းအစက်အပြောက်များရှိသည်။ ယင်းတို့သည် ပင်လယ်ရေနက်ထဲတွင် အများဆုံးရှိနေကြသည်။ မျှော့မည်းကို ရေတိမ်ပိုင်းတွင် တွေ့ရပြီး မျှော့ဖြူနှင့် မျှော့မည်းတွင် မျှော့ဖြူက ပို၍ ဈေးကြီးသည်။

ပင်လယ်မျှော့ဖြူ၏အရှည်မှာ တစ်တောင်ခန့်ရှိပြီး လုံးပတ်မှာ ပေါင်လုံးခန့်ရှိသည်။ ဘဂျီမျှော့၏အရှည်မှာ တစ်ထွာခန့်ရှိပြီး လုံးပတ်မှာ လက်ကောက်ဝတ်ခန့်ရှိသည်။ ဘဂျီမျှော့တွင်လည်း နှစ်မျိုးရှိသည်။ ပင်လယ်ကမ်းစပ်တွင်နေသော မျှော့နီနှင့် ရေတိမ်ပိုင်းတွင် နေသော မျှော့ဝါဟူ၍ ဖြစ်သည်။ မျှော့နီသည် ရေကျချိန်၌ တွင်းထဲသို့ ဝင်သွားတတ်သည်။



ဆလုံတိုင်းရင်းသားအမျိုးသားများပင်လယ်ထဲတွင် မျှော့ဖမ်းယူနေကြစဉ်။

မျှော့ကိုဖမ်းဆီးရာတွင် ရေကျချိန်၌ တွင်းထဲဝင်နေတတ်သောကြောင့် ညအချိန်တွင် တွင်းထဲသို့ ဂုန်နီကြိုးကို ဒီဇယ်ဆီဆွတ်၍ မီးရှို့ပြီးထည့်လိုက်သောအခါ တွင်းထဲမှမျှော့များ ထွက်လာကြသဖြင့် အလွယ်တကူ ဖမ်းဆီးလိုက်နိုင်ကြကြောင်း သိရသည်။

သို့ဖြစ်သောကြောင့် ကမ်းစပ်တွင်ရှိသည့် ဘဂျီမျှော့ဖမ်းသည့် အလုပ်ကို အမျိုးသမီးများက အများဆုံးလုပ်ကိုင်ကြသည်။ ပင်လယ်မျှော့ကို နံနက်ပိုင်းနှင့် ညပိုင်းတို့တွင် ဖမ်းယူလေ့ရှိကြသည်။

အဆိုပါ ပင်လယ်မျှော့ဖမ်းခြင်းလုပ်ငန်းကို ယခင်က ယောကျ်ား၊ မိန်းမ မရွေးလုပ်ကိုင်ကြပြီး ယခုအချိန်တွင် ရေနက်ထဲတွင်ပင်လယ်မျှော့ငုပ်ခြင်းကို အမျိုးသားများက အဓိကလုပ်ဆောင်ကြသည်။ အနည်းငယ်မျှသော အမျိုးသမီးများသာ လုပ်ကိုင်ကြတော့သည်။

ပင်လယ်မျှော့ဖမ်းရာတွင် အုပ်စုလိုက်ဖမ်းကြခြင်းဖြစ်ရာ အနည်းဆုံး လူငါးယောက်၊ ခြောက်ယောက်ဖြင့် လုပ်ကိုင်ကြသည်။

မျှော့ဖမ်းသည့်အခါ လှေကိုနိုင်လွန်ကြိုးဖြင့် ချည်ထားပြီး ကျန်သည့် ကြိုးစတစ်ဖက်ကို ရေငုပ်သူ၏ခါးတွင် ချည်ထားရသည်။ လှေနှင့်လူကို ကြိုးဖြင့်ချည်နှောင်ဆက်သွယ်ထားခြင်း ဖြစ်သည်။ သို့မှသာလျှင် လှေသည် ရေငုပ်သူသွားသည့်နေရာသို့ လိုက်ပါရောက်ရှိနိုင်မည်ဖြစ်သည်။ မျှော့ဖမ်းရာတွင် နှစ်လံခန့်ရှည်သည့်စူးဖြင့် ထိုးပြီး ဖမ်းရသကဲ့သို့ ပိုက်ကွန်ဖြင့်လည်း ဆွဲယူရသည်။

မျှော့ကိုစူးနှင့်ထိုးမိလျှင် မျှော့ပါးစပ်မှ အဖြူရောင်အစေးများ ထွက်လာသည်။ ဘဂျီမျှော့ထက် ပင်လယ်မျှော့ဖြူက ပို၍အစေးထွက်သည်ဟု သိရသည်။

### တန်ဖိုးကြီးမား

ပင်လယ်မျှော့မှထွက်သော အစေးဖြူများပျောက်အောင် ကျွဲဥကို ထု၍ထည့်ပြီး ပြုတ်ရသည်။ မျှော့ဖြူကို ပြုတ်သည့်အခါ ရေမလို ကြောင်းသိရပြီး ပလတ်စတစ်ပုံး သုံးပုံးခန့်ရှိသည့် မျှော့ကို ပြုတ်ပါက ရေနှစ်ပုံးခန့် ထွက်လာသည်။ မျှော့ဖြူမှလွဲ၍ ကျန်သည့်မျှော့အားလုံးကို ပြုတ်သည့်အခါ ရေလက်နှစ်ဆစ်ခန့်ထည့်ပြီး ပြုတ်ကြသည်။ ဘဂျီမျှော့ကို ပြုတ်ပါက အရှည်လက်ညှိုးခန့်သာကျန်သည်။ လုံးပတ်မှာ ကွမ်းသီးလုံးခန့်ရှိသည်။ ပင်လယ်မျှော့ကိုပြုတ်လျှင် တစ်ထွာကျော်သာ ကျန်ရှိသည်။ လုံးပတ်မှာ လက်ကောက်ဝတ်ခန့်ရှိသည်။ မျှော့များကို ကျပ်တင်အခြောက်လှမ်းပြီးလျှင် ကော့သောင်းသို့လည်းကောင်း၊ ထိုင်းနိုင်ငံမှ ကုန်သည်များထံသို့ လည်းကောင်း သွားရောက်ရောင်းချလေ့ရှိသည်။ ဘဂျီမျှော့ထက် ပင်လယ်မျှော့က ပို၍ဈေးကောင်းရလေ့ရှိသည်။ ပင်လယ်မျှော့ခြောက်သည် တန်ဖိုးကြီးမားကြောင်းလည်း သိရသည်။

ဆလုံတိုင်းရင်းသားတို့၏ ပင်လယ်မျှော့ဖမ်းသည့်အလုပ်မှာ အလွန်အန္တရာယ်များပြီး ပင်ပန်းဆင်းရဲလှပေသည်။ ဆလုံအမျိုးသားတို့သည် ရေငုပ်အလွန်ကျွမ်းကျင်ပြီး ရေအနက်သုံးလံ လေးလံမှ ခြောက်လံအထိ ငုပ်နိုင်ပြီး အချိန်အားဖြင့် နှစ်မိနစ်၊ သုံးမိနစ်ကြာမျှ ရေအောက်တွင် ငုပ်နေနိုင်ကြသည်။ တစ်ချို့အချိန်များတွင် တစ်နေကုန်ရေငုပ်ပြီးရှာဖွေသည့်တိုင် ပင်လယ်မျှော့အနည်းငယ်သာ ရတတ်ကြောင်း သိရသည်။

ဆလုံတိုင်းရင်းသားတို့သည် တင်းတိမ်ရောင့်ရဲလွယ်ကြ၍ ဝမ်းစာအတွက် ကြိုတင်စုဆောင်းခြင်း နည်းပါးကြလေ့ရှိသည်။ အဆိုပါ ရေလုပ်ငန်းလုပ်ဆောင်မှုများမှာ ဇာဒက်ကြီးကျွန်းရှိ တလွန်းရွာနှင့် ကော့ညှော်ရွာတို့တွင်နေထိုင်ကြသည့် ဆလုံတိုင်းရင်းသားတို့၏ စီးပွားဖြစ်လုပ်ဆောင်ကြသည့် ရေလုပ်ငန်းလုပ်ဆောင်မှုများဖြစ်ပါသည်။ သို့ဖြစ်၍ ဆလုံတိုင်းရင်းသားသွေးချင်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်း တစ်စိတ်တစ်ပိုင်းအဖြစ် စုစည်းဖော်ပြလိုက်ရပါသည်။ ။

**ရည်ညွှန်း။ ။ဆလုံတိုင်းရင်းသားများ၏ လူမှုစီးပွားရေးဘဝ၊ ပါမောက္ခ ဒေါ်တင်ရီနှင့်အဖွဲ့**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

"အဲလစ်ရေ … ပြန်ကြစို့လားဟင်"

အမျိုးသမီးထံမှ အဖြေမရ။ သူ့ကို ကျောပြုမြဲ ပြုထားသည်။ စင်စစ် သူ၏ခေါ်သံကိုပင် မကြားမိသယောင်ရှိသည်။ သူသည် ရှေ့တည့်တည့်တွင်ရှိသော အုတ်ဂူဖြူဖြူမှ စာတန်းကိုသာ မမှိတ်မသုန် စူးစိုက်ကြည့်နေသည်။

အုတ်ဂူ၏ သလင်းကျောက်သားပေါ်၌ ထွင်းထားသော စာလုံးအချို့ရှိသည်။

**ကိုမောင်မောင်ဦး**

**(ရေနံ့သာ)**

ထို့နောက် သူ၏အသက်၊ မွေးသက္ကရာဇ်နှင့် သေဆုံးသောနေ့ရက်များ ဆက်လက်ရှိနေကြသည်။

အမျိုးသမီး၏ မျက်နှာတစ်ခြမ်းမှာ ဆည်းဆာနေရောင် ရိုက်ဟပ်နေသည်။ ဆံပင်အချို့သည် မျက်နှာတစ်ခြမ်းပေါ်မှာ ဝဲကျနေသည်။ အမျိုးသမီး၏ မျက်နှာမှာ ငြိမ်နေသည်။ တည်နေသည်။ အလှုပ်အရှား အပြောင်းအလဲမရှိ။ မျက်ဝန်းများ နှယ်ပင်ဖြစ်သည်။ သို့တိုင်အောင် ယင်းမျက်နှာ၌ အထူးထူးသော ဝေဒနာရိပ်တို့သည် မျက်ဝန်းများ၌ ပေါ်ပေါက်နေသလို ပေါ်ပေါက်လျက်ရှိလေသည်။

အမျိုးသားက စိတ်မရှည်နိုင်သလို လှမ်းခေါ် လိုက်ပြန်သည်။

"နေမဝင်ခင် ပြန်ကြစို့လားအဲလစ်"

သည်အခါကျမှ အမျိုးသမီးက နောက်သို့ လှည့်ကြည့်လာသည်။ သို့တိုင်အောင် အပြီးတိုင် လှည့်လာခြင်းမဟုတ်ဘဲ စောင်းငဲ့ကြည့်ရုံမျှသာ ဖြစ်သည်။

သူ့ထံမှ အသံပေါ်လာသည်။

"ကိုမျိုး ခဏ"

အမျိုးသမီးက သူ့ထံလာစေချင်ပုံရသည်။ သို့ဖြင့် မျိုးထွန်းသိန်းသည် အမျိုးသမီးထံ လျှောက်လာခဲ့ရလေသည်။

အမျိုးသမီးက အုတ်ဂူမှစာတန်းကို လက်ညှိုးဖြင့် ညွှန်ပြရင်း မေးသည်။

"ကိုမောင်မောင်ဦး" ဆိုတဲ့ စာလုံးအောက်က "ရေနံ့သာဆိုတာကို ဘယ်သူက အထည့်ခိုင်းခဲ့တာလဲဟင်"

မျိုးထွန်းသိန်းသည် စာတန်းကို လှမ်းကြည့်သည်။ အဖြေပေးသည်။

"ဘယ်သူရယ်လို့တော့ မဟုတ်ပါဘူး။ ကိုယ်တို့ တိုင်ပင်ပြီး လုပ်ခဲ့ကြတာလည်း မဟုတ်ဘူး။ အလို အလျောက် ထည့်လိုက်မိတာဆိုပါတော့"

မျိုးထွန်းသိန်းသည် သည်ကနေ့ အတော်ချည်း အမေးအမြန်းခံနေရသည်။ ထိုအတွက် သူသည် အတော်ချည်း စိတ်ညစ်လျက်ရှိလေသည်။

နေ့လယ်က ကျောင်းသို့ နွယ်နွယ်ထွန်း ရောက်လာသည်။ သူနှင့် လာရောက်တွေ့ဆုံသည်။ အညာမှ ပြန်လာပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ဆုံတွေ့မိကြခြင်းဖြစ်သည်။ နွယ်နွယ်ထွန်းက သူ့ကို ကားဖြင့် တင်ဆောင်လာလျက် မြို့လယ်သို့ ခေါ်ခဲ့သည်။ အစားအသောက်ကျွေးရင်းမှ မေးခွန်းအနန္တကို မေးသည်။

ရေနံချောင်းသို့ရောက်စဉ်က သူ့ဖေဖေ၏ သူငယ်ချင်းဆိုသူနှင့် တွေ့ခဲ့သည်။ ထိုသူသည် မည်သူဖြစ်နိုင်မည်နည်း မေးသည်။

"ကိုယ်ကိုယ်တိုင် ရေနံချောင်းနဲ့ပတ်သက်လို့ ဘာမှသိထားတာမရှိဘူး။ ရေနံချောင်းဆိုတာ ကိုယ့်အဖို့ ဧည့်သည်လို ရောက်သွားပြီး ဧည့်သည်လို ပြန်ခဲ့ရတာဆိုတော့ သူဘယ်သူဖြစ်တယ်ဆိုတာ ကိုယ်မသိနိုင်ဘူး"

ထို့နောက် ဒေါ်ရေနံ့သာခင်ခင်ကြီး၏ ဖြစ်စဉ်များထဲမှ သူနားမရှင်းသည်တို့ကို မေးသည်။ မျိုးထွန်းသိန်း တတ်နိုင်သမျှ ဖြေရသည်။ သည့်နောက်တွင်မူ နွယ်နွယ်ထွန်းက သူ့ဖခင်၏ အုတ်ဂူကို ကြည့်လိုသည်ဆို၍ မျိုးထွန်းသိန်း လိုက်ပြသည်။ သည်မှာလည်း မေးခွန်းများကို ထပ်တလဲလဲ မေးခဲ့သည်။

အဆိုးဆုံး မေးခွန်းရှိသည်။

"ရုံးတော်က ကိုယ့်မေမေကို အပြစ်မရှိဘူးလို့ လွှတ်လိုက်ပေမဲ့ မေမေဟာ ဖေဖေ့ကို သတ်ခဲ့တာတော့ အမှန်ပဲမဟုတ်လားဟင်"

သည်အမေးကို မျိုးထွန်းသိန်း မဖြေချင်လှ။ သည်မိန်းကလေး ဘာကြောင့်ဖြစ်ပြီးသားကိစ္စကို ပြန်နှိုးချင်ပါလိမ့်ဟု တွေးနေမိသည်။ စင်စစ် သည်အကြောင်းများကို ပြန်၍လှန်လိုခြင်းမှာ အဓိပ္ပာယ်မရှိဟု သူထင်နေသည်။

သည်ကနေ့ နွယ်နွယ်ထွန်းကိုကြည့်ရသည်မှာပင် အကဲမရနိုင်လောက်အောင် ရှိနေသည်။ သူ၏ စိတ်မှာ မတင်မကျ စနိုးစနောင့်ရှိနေရပုံပေါ်သည်။ အလကားသက်သက် ကိုယ့်ဒုက္ခကိုယ်ရှာသည်ဟုပင် မျိုးထွန်းသိန်း ထင်ပါသည်။ မိခင်ရင်းနှင့် တွေ့ရပြီပဲ။ မိခင်ကလည်း ကြွယ်ဝသူ၊ ကိုယ်ကိုယ်တိုင်က ပညာပြည့်ဝနေသူ။ အဘက်ဘက်က လိုလေသေးမရှိသူ။ ပြီးပြီပဲ။ သို့နှင့်ပင် သည်မိန်းကလေးက ကိုယ့်ကိုယ်ကိုယ် မကျေနပ်နိုင်သလိုရှိနေရခြင်းကို မျိုးထွန်းသိန်း နားမလည်နိုင်။

"ကိုယ့်အနေနဲ့ကတော့ မင်းမေမေက မင်းဖေဖေကို ပစ်သတ်လိုက်တယ်ဆိုဦးတော့၊ သူ့ကို ဘာအပြစ်မှ မတင်ချင်ဘူး။ အဲဒီလို ပစ်သတ်ချင်လောက်အောင် ခိုင်လုံတဲ့အကြောင်းတွေ ရှိနေတာပဲမဟုတ်လား"

မျိုးထွန်းသိန်း ဆင်ဝှေ့ရန်ရှောင်ဖြေသည်။

နွယ်နွယ်ထွန်းသည် သူ့အဖြေကို နှစ်ခြိုက်ပုံမရ။

"ဒါပေမဲ့ ဖေဖေဟာ တကယ်တမ်း တွက်ကြည့်ရင် အပြစ်မရှိလှပါဘူး"

မျိုးထွန်းသိန်းသည် စိတ်လက်ပေါ့ပါးသွားစေလိုသော သဘောဖြင့် ရယ်မောလိုက်သည်။

"မင်းဖေဖေကို အသက်ထင်ရှား ရှိစေချင်တယ်။ သူ့ဘက်က ရှေ့နေလိုက်မယ့် သမီးတစ်ယောက်လုံး ရှိနေတယ်ဆိုတာကို မြင်ရစေ့ချင်တယ်"

မျိုးထွန်းသိန်းက "ကဲပါကွယ်၊ ပြန်ကြရအောင်ပါ" ဆိုသည်။ နွယ်နွယ်ထွန်း မလှုပ်သေး။

သူက နွယ်နွယ်ထွန်းလက်မောင်းကို ဆုပ်ကိုင်ကာ အုတ်ဂူရှေ့မှနေ၍ ကားဆီသို့ ခေါ်ဆောင်လာသည်။ ထိုအခါကျမှပင် အမျိုးသမီးက အသာတကြည်လိုက်လာသည်။

များမကြာမီ ကားကလေးသည် အရိပ်တို့ ပျောက်ကွယ်ကုန်ပြီဖြစ်သော မြေနီလမ်းကလေးအတိုင်း မောင်းနှင်လာလေသည်။

"ရေနံ့သာဆိုတဲ့ စကာလုံးကို ဘယ်သူထည့်ခိုင်းသလဲလို့ မမှတ်မိတာ အမှန်ပဲလားဟင်"

လမ်းတွင် နွယ်နွယ်ထွန်း မေးသည်။ မျိုးထွန်းသိန်းက ဟုတ်မှန်ကြောင်း ဖြေသည်။

အမှန်တွင်လည်း သည်စာလုံးကို မည်သူက အထည့်ခိုင်းမှန်း မမှတ်မိရိုးအမှန်ပင်။ ကိုမောင်မောင်ဦး သေဆုံးစက သူသည် ကိုကျော့မောင်နှင့် တိုင်ပင်ကာ ဂူသွင်းရန် ကြံစည်ခဲ့ကြသည်။ ကိုကျော့မောင်ကလည်း ငွေထည့်ဝင်သည်။ သူ့ငွေလည်း ပါသည်။ ဦးခင်မောင်ညွှန့်နှင့် ဒေါ်ဝင်းရီတို့ကလည်း ကုန်ကျငွေကို သူတို့ပေးပါရစေဟု ပြောခဲ့သည်။ ကိုကျော့မောင်က သူငယ်ချင်းတစ်ယောက်အနေနှင့် တာဝန်ရှိ၍ ငွေထည့်ဝင်ခြင်းဖြစ်ပုံရသည်။ ဦးခင်မောင်ညွှန့်အနေနှင့်ကမူ တစ်ချိန်သောအခါက ထောက်ထားဖွယ်ရာ သူငယ်ချင်းဖြစ်၍ဟု ဆိုသည်။ သူ့အနေနှင့်ကမူ ဘာကြောင့်မှန်းမသိ။ အလိုလိုနေရင်း တစ်နေ့သောအခါ ယင်းအုတ်ဂူသည် တစ်စုံတစ်ယောက်သောသူအတွက် အရေးပါလိမ့်မည်ဟု ထိုစဉ်ကပင် အထင်ရှိကာ ထည့်ဝင်ခဲ့မိခြင်းဖြစ်သည်။

"ရေနံ့သာ" ဆိုသော စာတန်းကို ကိုကျော့မောင်ကပင် ထည့်စေခဲ့သလား၊ ဦးခင်မောင်ညွှန့်ကပင် ထည့်စေခဲ့သလား မမှတ်မိသည်အမှန်။ ရေနံ့သာ စာလုံးကို မြင်ရစဉ်က ကိုမောင်မောင်ဦးသည် ရေနံချောင်းသား၊ ရေနံချောင်းကို ရေနံ့သာဟူ ၍လည်း တင်စား ခေါ်ဝေါ်ကြသေးသည်ကို အမှတ်ရကာ သူ့စိတ်မှာ မည်သို့မျှ ထူးခြားခြင်းမရှိခဲ့။ ယခု နွယ်နွယ်ထွန်းကမေးလာမှပင် ထူးခြားသလို ခံစားရသည်။ ယင်းအမည်ကို ထည့်စေခဲ့သူမှာ ကိုကျော့မောင်နှင့် ဦးခင်မောင်ညွှန့်တို့ နှစ်ယောက်အနက် တစ်ယောက်ယောက်ဖြစ်နိုင်သည်။ အကြောင်းမူ ကိုမောင်မောင်ဦးအား သင်္ဂြိုဟ်စဉ်က လူများများစားစားမရှိ၊ သည်လူသိုက်ချည်းလိုလိုသာ ရှိကြသောကြောင့်ဖြစ်သည်။

"အဲဒီ 'ရေနံ့သာ' ဆိုတဲ့ စာလုံးကလေးနဲ့ပတ်သက်လို့ မင်းမှာ ဘာမကျေမနပ်ဖြစ်နေလို့လဲ အဲလစ်"

မျိုးထွန်းသိန်း မေးသည်။

"မကျေနပ်လို့မဟုတ်ဘူး။ ကျေနပ်လို့၊ ဘာပဲပြောပြော ဖေဖေက ရေနံ့သာနဲ့ တစ်နည်းမဟုတ်တစ်နည်း ပတ်သက်နေတယ်ဆိုတာ ဒီစာလုံးတွေက ဖော်ပြနေကြတာပဲ မဟုတ်လား။ အဲဒီစာလုံးထည့်ဖို့ စိတ်ကူးပေါ်ခဲ့တဲ့လူကို ကျေးဇူးတင်ချင်လို့ မေးနေတာ"

"တော်သေးတာပေါ့"

မျိုးထွန်းသိန်း သက်ပြင်းရှိုက်လိုက်သည်။

ကားသည် မြေနီလမ်းမှ ဖဲကြဉ်ခဲ့လျက် ကတ္တရာလမ်းပေါ်သို့ ရောက်လာသည်။

"ကလေးများဟာ သားယောကျ်ားလေးဖြစ်ခဲ့ရင် ဖခင်ထက် မိခင်ကို ပိုချစ်တယ်။ သမီးမိန်းကလေး ဆိုရင် မိခင်ထက် ဖခင်ကို ပိုချစ်တယ်ဆိုတဲ့စကား ကြားဖူးသလားဟင်"

မျိုးထွန်းသိန်းက နွယ်နွယ်ထွန်း တိတ်ဆိတ်နေသဖြင့် စကားစ ရှာမေးလိုက်သည်။

"စာတွေထဲမှာ တွေ့ရဖူးတာပဲ။ ဒါက လိင်ကွဲပြားမှု သဘောနဲ့ စွဲလမ်းမှုသဘောပါ။ နေရာတိုင်းမှာတော့ မမှန်နိုင်ပါဘူး"

"ဆိုပါတော့၊ တကယ်လို့များ အဲလစ်မှာ ဖအေနဲ့ မအေပြိုင်တူရှိနေမယ်ဆိုရင် ဘယ်သူ့ကို ပိုချစ်မိမယ် ထင်သလဲ "

မျိုးထွန်းသိန်း၏အမေးကို နွယ်နွယ်ထွန်း အတန်ကြာအောင် စဉ်းစားနေပြီးမှဖြေသည်။

"ကိုမျိုး သိတဲ့အတိုင်း ကိုယ့်ဘဝဟာ အတော်ဆန်းကြယ်တယ်။ တစ်သက်တည်းမှာ မိဘနှစ်စုံရှိနေတာ တွေ့ရတယ်။ ဦးကျော်ထွန်းနဲ့ ဒေါ်နွယ်နွယ်ဆိုတဲ့ အတိုင်းအတာနဲ့ပြောရရင်တော့ ကိုယ့်အနေနဲ့ မေမေ့ကို ပိုချစ်တာအမှန်ပဲ။ ဘာကြောင့်လဲဆိုတော့ ဖေဖေက တည်တယ်။ အေးဆေးတယ်။ ကြောက်စရာကောင်းတာမဟုတ်ဘူး၊ တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှလည်း မာမာမပြောဘူး။ တုတ်နဲ့လည်း မရွယ်ဘူး။ ဒါပေမဲ့ လေးစားကြောက်ရွံ့နေရတယ်။ မေမေကတော့ ပြောစရာရှိရင်လည်း ပြောတယ်။ ရိုက်စရာရှိရင်လည်း ရိုက်တယ်။ လေးစားကြောက်ရွံ့လို့တော့ မရဘူး။ ဒါကြောင့်ပဲ ပိုပြီးချစ်မိတယ်"

"ဦးမောင်မောင်ဦး၊ ဒေါ်ရေနံ့သာခင်ခင်ကြီးဆိုတဲ့ အပိုင်းနဲ့ပြောရရင်တော့ တစ်မျိုးပဲ။ ချစ်တယ်ဆိုတာ ထား။ လူတွေဟာ မမြင်ရတာကို ကြည့်ချင်တယ်။ မရတာကိုမှ လိုချင်တယ်။ ဒီသဘောပဲ။ လောလောဆယ်မှာတော့ ကိုယ်ဟာ ဖေဖေအသက်ထင်ရှား ရှိစေချင်တယ်။ လူ့ဘဝထဲက ပျောက်ကွယ်နေတာကို မလိုလားနိုင်ဘူး၊ ဖခင်ဆိုတာကို သိပ်တောင့်တနေမိတယ်။ သိပ်မြင်ချင်နေမိတယ်။

**ဆက်လက်ဖော်ပြပါမည်။**

> **"တကယ်လို့များ အဲလစ်မှာ ဖအေနဲ့ မအေပြိုင်တူရှိနေမယ်ဆိုရင် ဘယ်သူ့ကို ပိုချစ်မိမယ် ထင်သလဲ"**
> **မျိုးထွန်းသိန်း၏အမေးကို နွယ်နွယ်ထွန်း အတန်ကြာအောင် စဉ်းစားနေပြီးမှဖြေသည်။**
> **"ကိုမျိုးသိတဲ့အတိုင်း ကိုယ့်ဘဝဟာ အတော်ဆန်းကြယ်တယ်။ တစ်သက်တည်းမှာ မိဘနှစ်စုံရှိနေတာ တွေ့ရတယ်။ ဦးကျော်ထွန်းနဲ့ ဒေါ်နွယ်နွယ်ဆိုတဲ့ အတိုင်းအတာနဲ့ပြောရရင်တော့ ကိုယ့်အနေနဲ့ မေမေ့ကို ပိုချစ်တာအမှန်ပဲ။ ဦးမောင်မောင်ဦး ဒေါ်ရေနံ့သာခင်ခင်ကြီးဆိုတဲ့ အပိုင်းနဲ့ပြောရရင်တော့…"**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

အားကစား မြင့်တင် စိတ် လန်း ရွှင် ဆန့် ကျင် မူး ယစ် ဆေး

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ချင်းတွင်းအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ(၀.၁၁၀) ဧကရှိ ဦးခင်မောင်ဝင်း [၉/လဝန(နိုင်)၀၀၅၂၀၁] အဖအမည် ဦးတင်ဝင်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက် အမှတ်(ပ-၂၃၃၂၁)ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၂၄၂/၂၀၂၁ (၁၆-၉-၂၀၂၁)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးညီညီအောင် [၁၀/မဒန(နိုင်)၁၆၆၂၁၁] အဖအမည် ဦးစန်းမြင့်မှ ဒေါ်မီမီဇင် [၉/မထလ(နိုင်)၁၇၀၂၁၄] နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံမြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၃၂/ ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၆၀၁၈)၊ ဧရိယာ(၀.၁၄၇) ဧကရှိ ဦးကျော်မိုးနိုင် အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်အား အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၆၃၉/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်သီတာဝင်း [၉/ပမန(နိုင်)၀၃၃၂၅၄]မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းများ တင်ပြပြီး ဦးမျိုးဇော်[၉/မထလ(နိုင်)၀၄၃၄၀၃]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ ၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၃၂/ ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၆၀၁၉)၊ ဧရိယာ (၀.၁၄၇) ဧကရှိ ဦးကျော်မိုးနိုင် အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်အား အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၆၃၉/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်သီတာဝင်း [၉/ပမန(နိုင်)၀၃၃၂၅၄] မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး ဦးမျိုးဇော်[၉/မထလ(နိုင်)၀၄၃၄၀၃]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁)၊ မြေကွက် အမှတ်(၇၄၉)၊ အကျယ်အဝန်း (၄၀x၆၀)ပေ အနက်မှ မခွဲမစိတ်ရသေးသော အကျယ်အဝန်း(၂၀x၆၀)ပေရှိ (ခေါင်းရင်းခြမ်း) ဂရန်မူရင်းခြမ်း၊ ဦးသိန်းလင်းထွန်း [၈/နမန(နိုင်)၁၂၉၄၉၉] အမည်ပေါက် ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်သူထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်မာမာဆန်း[၉/မလန(နိုင်)၁၈၉၀၉၈]က စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေ၍ ဝယ်ယူပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက သက်ဆိုင်သော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ၊ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယုယုနွယ် (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၅၅၈)**
**အမှတ် (၁၃၂၇/က)၊ အေးရိပ်သာ (၇)လမ်း၊ (၄၃) ရပ်ကွက်**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**09- 450065273**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဂ)၊ လူနေရပ်ကွက်အမှတ်(ဂ)၊ မြေကွက်အမှတ်(၃၀၂/ခ)၊ အကျယ်အဝန်း(၂၀ပေX၆၀ပေ)ရှိ ဦးတင်ကြည်အမည်ပေါက်သည့် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ တောင်ဥက္ကလာပမြို့နယ်၊ (ဂ)ရပ်ကွက်၊ (၂ဂ)လမ်း၊ အမှတ်(၃၀၂/ခ)ဟုခေါ်တွင်သည့်အိမ်အပါအဝင်အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဒေါ်စန်းစန်းအေး(၁၂/ဥကတ(နိုင်)၀၈၈၈၉၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်စရန်ငွေတချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါကဤကြော်ငြာစာထုတ်သည့်နေ့မှစ၍(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့်လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မှုမရှိပါကဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

ဦးအောင်ကျော်ထွန်း LL.B.,LL.M. (စဉ်-၁၁၁၆၃)
ဦးကောင်းထက်အောင် LL.B. (စဉ်-၁၆၉၀၁)
တရားလွှတ်တော်ရှေ့နေများ

ဦးကျော်ကိုကိုလွင် LL.B. (စဉ်-၅၂၃၆၈)
ဒေါ်အေးမမစိုး LL.B. (စဉ်-၄၇၆၀၆)
ဒေါ်ချိုလွင်လွင်အောင် LL.B. (စဉ်-၅၃၇၃၁)
အထက်တန်းရှေ့နေများ

**AUNG HTOO CHUN LAW FIRM**
တိုက်အမှတ်(၁၅၇/၁၆၉)၊ အခန်းအမှတ်-B-2 ၊ပထမထပ်၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း၀၉၄၀၈၁၈၅၅၉၉၉။

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ ၄၆-လမ်း (အထက်)၊ တိုက်အမှတ်(၁၅၈)၊ အခန်းအမှတ်(၅၂)၊ (၈)ခန်းတွဲ၊ (၈)ထပ်တိုက်အနက် (၇-လွှာ)၊ [မျက်နှာမူလျှင်(ညာ) ဘက်၊ အကျယ်အဝန်း (၁၈ပေX၆၀ပေ)] ရှိတိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်း၌ တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချသူ ဒေါ်စိုးစန္ဒရာ [၁၃/ကမန(နိုင်)၀၈၄၄၇၉]ကိုင်ဆောင်သူမှ တရားဝင်ပိုင်ဆိုင် လက်ရောက်ရရှိထားကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တီတီ [၁၂/မဂတ(နိုင်)၀၂၃၆၅၅] ကိုင်ဆောင်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိပါက မည်သူမဆို အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူ**
**ဒေါ်တီတီ**
**[၁၂/မဂတ(နိုင်) ၀၂၃၆၅၅]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မာမာသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၉၂)**
**အမှတ်(၁၅)၊ ပထမထပ်၊ ၁၃၄-လမ်း၊**
**မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09- 5064959**

## အများသိစေရန် အသိပေးကြော်ငြာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၈ (သံဒင်း)၊ မြေကွက်အမှတ်- ၁၃၅၆၊ အကျယ်အဝန်း (၄၀ပေ x ၆၀ပေ)၊ (၂၄၀၀) စတုရန်းပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၃၅၆)၊ ကံ့ကော်ဖြတ်လမ်း၊ ၁၉/၄၈- ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးလှသန်း [၁၂/မရက(နိုင်)၀၄၈၃၈၅] အမည်ပေါက်လျက်ရှိသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အမည်ပေါက်ပိုင်ရှင်ထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမော်ရီ [၁၂/ရပသ(နိုင်) ၀၁၈၈၇၄]မှ လက်ဝယ်ရှိ ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံလျက် ရောင်းချလိုကြောင်းကမ်းလှမ်းလာ၍ ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၂၆)**
**အမှတ်-၄၅/၁၊ မြေညီထပ်၊ ၄၃-လမ်း၊ ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉- ၄၅၀၀၃၁၂၉၂**

## "အများသိစေရန် အသိပေးအကြောင်းကြားခြင်း"

အမှတ်(၆၅၁၅)၊ ပဲခူးလမ်း၊ ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်တွင် နေထိုင်သူ ဒေါ်ခိုင်ခိုင်ဦး (ဘ)ဦးအောင်သိန်း[၉/ပမန(နိုင်)၀၁၁၀၅၇]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်-

THAMARDI သမာဓိ

အထက်တွင်ဖော်ပြပါရှိသည့် ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (၂၃-၆-၂၀၂၂) ရက်နေ့၌ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို မိမိတစ်ဦးတည်း ပြုလုပ်သုံးစွဲရန် မြွက်ဟကြေညာ မှတ်ပုံတင်သွင်းခြင်းစာချုပ် ချုပ်ဆို၍ မှတ်ပုံတင်သွင်းခဲ့ပါသည်။ ယင်းစာချုပ်ဖြစ်သော စာချုပ်အမှတ် (၄၄၆/၂၀၂၂) ဖြင့် "TMD သမာဓိ" လုပ်ငန်းတံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ အိမ်ခြံမြေရောင်းဝယ်ခြင်း၊ ငှားရမ်းခြင်း၊ စာချုပ်စာတမ်းနှင့် သက်ဆိုင်သော ဝန်ဆောင်မှုအမျိုးမျိုး၊ အဆောက်အဦဆောက်လုပ်ခြင်း၊ အဆောက်အဦနှင့်သက်ဆိုင်သော ဝန်ဆောင်မှုအမျိုးမျိုးကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝန်းလုံးတွင်လည်း အဆိုပါ "TMD သမာဓိ" အမည်အား အသုံးပြု၍ ဖွင့်လှစ်လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အဆိုပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများ ဒီဇိုင်းများနှင့်ပတ်သက်၍ Page, Facebook, Internet, Website, Wallsheet, Vinyl, E-mail, တံဆိပ်တုံးများ၊ ဘောက်ချာများပေါ်တွင် ဖော်ပြပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားနှင့် ဒီဇိုင်းများကို အရွယ်အစားမျိုးစုံ ရိုက်နှိပ်/ဖိနှိပ်ဖော်ပြ၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ပြုလုပ်သုံးစွဲသွားမည်ဖြစ်ပါသည်။ ယင်းကုန်အမှတ်တံဆိပ်အမည်နှင့် အမှတ်အသားကို ကျွန်ုပ်၏မိတ်ဆွေက တရားဝင်မှတ်ပုံတင်သွင်းထားခဲ့ပြီးဖြစ်ပါ၍ ယင်းကုန်အမှတ်တံဆိပ် အမည်အမှတ်အသားနှင့် ယင်းတို့၏ အမည်များ၊ ဒီဇိုင်းများကို အတုအပပြုလုပ်၍သော်လည်းကောင်း၊ ပုံတူပုံမှားပြုလုပ်၍သော်လည်းကောင်း၊ ထင်ယောင်ထင်မှား ဆင်တူယိုးမှားပြုလုပ်ခြင်းများကို ကျွန်ုပ်၏မိတ်ဆွေ မသိရှိဘဲသော်လည်းကောင်း၊ ခွင့်ပြုချက်မရရှိဘဲသော်လည်းကောင်း၊ အသုံးပြုခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်သုံးစွဲပါက သုံးစွဲသူမည်သူကိုမဆို တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ ၎င်းကုန်အမှတ်တံဆိပ် အမည်အမှတ်အသားတို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက သတင်းစာတွင်ဖော်ပြပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်၏ မိတ်ဆွေထံသို့လည်းကောင်း ကျွန်ုပ်ထံသို့လည်းကောင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ခိုင်ခိုင်ဦး**
**[၉/ပမန(နိုင်)၀၁၁၀၅၇]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးချစ်ဖြူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၈၈၉)**
**အမှတ်(၇၂၃၂)၊ ကျိုင်းထုံလမ်း၊**
**ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့။**
**ဖုန်း ၀၉-၇၉၉၁၂၃၁၀၀**

## အများသိစေရန် အသိပေးကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၆၊ မြေကွက်အမှတ်- ၈၁၊ အကျယ်အဝန်း ပေ(၄၀ x ၆၀)၊ (၂၄၀၀) စတုရန်းပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဗိုလ်ကြီးမောင်ဖြူ[၁၂/မဘန(နိုင်) ၀၀၆၃၆၇]အမည်ပေါက်လျက်ရှိသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အမည်ပေါက်ပိုင်ရှင်ထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးကျော်ကျော် [၁၂/သဃက(နိုင်)၁၄၃၄၆၄]မှ လက်ဝယ်ရှိပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံလျက် ရောင်းချလိုကြောင်းကမ်းလှမ်းလာ၍ ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၂၆)**
**အမှတ်-၄၅/၁၊ မြေညီထပ်၊ ၄၃-လမ်း၊ ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉- ၄၅၀၀၃၁၂၉၂**

## အများသိစေရန် အသိပေးကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံတောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၁၊ မြေကွက်အမှတ်- ၁၄၅၄/က၊ အကျယ်အဝန်း ပေ(၂၀ x ၆၀)၊ (၁၂၀၀) စတုရန်းပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၄၅၄/က)၊ မင်းရဲကျော်စွာ (၇)လမ်း၊ ၇၁- ရပ်ကွက်၊ ဒဂုံတောင်မြို့နယ်ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးသိန်းမြင့် (MPA-113239)အမည်ပေါက်လျက်ရှိသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အမည်ပေါက်ပိုင်ရှင်ထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးအောင်ဇော်ဝင်း [၁၂/ဒဂတ(နိုင်)၀၄၈၂၉၈]မှ လက်ဝယ်ရှိပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံလျက် ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၂၆)**
**အမှတ်-၄၅/၁၊ မြေညီထပ်၊ ၄၃-လမ်း၊ ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉- ၄၅၀၀၃၁၂၉၂**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၃၊ မြေကွက်အမှတ်-၁၂၄၃၊ အကျယ်အဝန်း ပေ(၄၀x၆၀)၊ စတုရန်းပေ( ၂၄၀၀)၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၁၂၄၃၊ မင်းရဲကျော်စွာလမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့် ခွဲမှုဌာနတွင် ဦးမြင့်တင်(X/RGN-၀၀၄၇၉၂)အမည်ပေါက်လျက်ရှိသောမြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား ရောင်းသူ ဦးသိန်းလွင် [၁၂/ပဘတ(နိုင်)၀၀၈၇၅၉]မှ (၆-၇-၂၀၂၂)ရက်စွဲပါ "နှစ်ဦးသဘောတူ မြေကွက်အပြီးအပိုင်အရောင်းအဝယ်သဘောတူစာချုပ်"အရ လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံလျက် ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၂၆)**
**အမှတ်(၄၅/၁)၊ မြေညီထပ်၊ (၄၃)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉- ၄၅၀၀၃၁၂၉၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၁၄၀)၊ (၄လွှာ) ခေါင်းရင်းခန်းဟုခေါ်တွင်သော တိုက်ခန်းအား တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ခင်အေးနွယ် [၇/တငန(နိုင်) ၀၆၆၄၀၆]မှ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လွင်နန္ဒာ[၁၂/တမန(နိုင်)၁၀၆၇၈၂]မှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူရှိပါက (၃)ရက်အတွင်း ကျွန်ုပ်ထံသို့ စာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။ ကြေညာပါသည့်ရက်မှစ၍ (၃)ရက်အတွင်း ကန့်ကွက်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်အား တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဆင့်ဆင့်ဦး (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၂၉၉)**
**အမှတ်(၅၁)၊ မြို့သစ်(၁)လမ်း၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၄၃၁၃၀၈၅၆**

မူး ယစ် ကို ပစ် ပန်း တိုင် သစ် စိတ် သစ် လူ သစ် ဘ ဝ သစ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ကျွန်တော်တို့နိုင်ငံမှာ ပြည်သူလူထုရဲ့ ဆန္ဒဖြစ်တဲ့ "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်" ကို ခိုင်မာအောင် ဆက်လက်တည်ဆောက်သွားရမှာဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ ပါတီစုံဒီမိုကရေစီစနစ်နဲ့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကို ခိုင်ခိုင်မာမာအာမခံပြီးဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခြေခံမူများဖြစ်တဲ့ ပုဒ်မ ၆၊ ၇၊ ၈ မှာပါဝင်တဲ့ ဒို့တာဝန်အရေး ၃ ပါး၊ ပါတီစုံဒီမိုကရေစီစနစ်၊ ပြည်ထောင်စုစနစ်တို့ကို ကာကွယ်စောင့်ရှောက်ဖို့ ပုဒ်မ ၂၀(စ)အရ တပ်မတော်မှာ အဓိကတာဝန်ရှိပါတယ်။ တပ်မတော်အနေနဲ့ နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူလူထုအကျိုးအတွက် ကာကွယ်စောင့်ရှောက်သူ (Guardian)အဖြစ် ဒီတာဝန်တွေကို ထမ်းဆောင်သွားမှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၂/၂၀၂၂)တွင် ပြောကြားချက်များမှ ကောက်နုတ်ချက်)

၃၁-၇-၂၀၂၂

**ယနေ့ ဖတ်စရာ**

**မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မြို့နယ်/ကျေးရွာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်**

စာမျက်နှာ » ၈

**ဓာတ်ခွဲနမူနာစုစုပေါင်း ၆၈၃၃ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၄ ဦးတွေ့ရှိ**

စာမျက်နှာ » ၁၂

**စစ်ကိုင်းမြို့ တကောင်းရပ်ကွက် ရောဝတီတံတား (ရတနာပုံ)စစ်ဆေးရေးဂိတ်၌ PDF အမည်ခံ အကြမ်းဖက်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ခရီးသည်နှစ်ဦး သေဆုံး၊ ငါးဦး ဒဏ်ရာရရှိ**

စာမျက်နှာ » ၁၅

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းမီဒီယာများနှင့် တွေ့ဆုံ၍ ၁၉/၂၀၂၂ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲပြုလုပ်

နေပြည်တော် ဩဂုတ် ၁၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ၁၉/၂၀၂၂ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။ စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ၁၉/၂၀၂၂ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။

## အာရှအမျိုးသမီးကလပ်ပြိုင်ပွဲ အုပ်စုဒုတိယပွဲ အား/ကာသိပ္ပံနှင့် ထိုင်းကလပ်အသင်းတို့ကစားမည်

ရန်ကုန် ဩဂုတ် ၁၇

ထိုင်းနိုင်ငံ ချောင်ဘူရီမြို့၌ ကျင်းပလျက်ရှိသည့် ၂၀၂၂ အာရှ အမျိုးသမီးကလပ်ချန်ပီယံရှစ်ပြိုင်ပွဲ အရှေ့အာရှဇုန် အုပ်စုဒုတိယပွဲအဖြစ် မြန်မာကလပ် အား/ကာသိပ္ပံအသင်းနှင့် အိမ်ရှင်ထိုင်းကလပ် COLLEGE OF ASIAN SCHOLARS အသင်းတို့ ဩဂုတ် ၁၈ ရက် မြန်မာစံတော်ချိန် ညနေ ၅ နာရီတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သုံးဂိုး-နှစ်ဂိုးဖြင့် အရေးနိမ့်**

အရှေ့အာရှဇုန်တွင် သုံးသင်းသာ ပါဝင်ပြီး မြန်မာကလပ် အား/ကာသိပ္ပံအသင်းသည် ပထမပွဲတွင် တရုတ်(တိုင်ပေ)ကလပ် တိုင်ချောင်ဘလူးအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အရေးနိမ့်ထားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

## CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအနေဖြင့် ကြိုဆိုရေးစခန်းများ၊ နီးစပ်ရာလုံခြုံရေးစခန်းများအပြင် နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့အသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်

နေပြည်တော် ဩဂုတ် ၁၇

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာတပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းအသီးသီးသို့ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။ စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✳